## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော်တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ**

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၃၈)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်
၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၄ ရက်၊ ကြာသပတေးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်၌ မိုးစပါးဧက ၂၄၀၀၀ ကျော် စိုက်ပျိုးပြီးစီး



သရက်ချောင်း ဩဂုတ် ၁၃

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ဧက ၂၆၀၁၆ ဧက လျာထားဆောင်ရွက်လျက်ရှိရာ ယခုအခါ မိုးစပါး ၂၄၇၁၆ ဧကကျော်စိုက်ပျိုးပြီးစီးနေကြောင်း သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သရက်ချောင်းမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ရာသီဖြစ်သော ဇွန်လနောက်ဆုံးပတ်မှစ၍စိုက်ပျိုးခဲ့ပြီး သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(ပေါင်ပျိုး၊ ပျိုးသက်နု)နှင့် ယခင်ကြဲခင်းနေရာများတွင် တိုက်ရိုက်အစေ့ချကိရိယာများဖြင့် စိုက်ပျိုးနည်းစနစ်များကို ယခုနှစ်တွင် တောင်သူများ ပိုမိုပြောင်းလဲစိုက်ပျိုးလာကြောင်းနှင့် ယခင်နှစ်မိုးစပါးရာသီ၌ မိုးစပါးစိုက်ဧကပေါင်း ၂၆၀၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး မိုးစပါး

**စာမျက်နှာ ၁၄ ကော်လံ ၄ ⇨**


**နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်** စာ - ၁၆ သို့

**မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် တုံ့ပြန်ဆောင်ရွက်နေမှု အခြေအနေများအား ပြည်သူသို့အသိပေးသတင်း ထုတ်ပြန်ခြင်း** စာ - ၅ သို့



**ဆောင်းပါး**

**ကျောင်းသား ကျောင်းသူကျန်းမာဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့**

စာ - ၁၃ သို့


## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၃

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၄ ရက်)

# နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားအလေးထား

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဦးတည်ချက်(၄)ရပ်ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် “နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး”ကို ပထမဆုံးဦးတည်ချက်အဖြစ် ချမှတ်ထားသည်။ မြန်မာနိုင်ငံသည် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သည်။ ပါတီစုံဒီမိုကရေစီစနစ်တွင် ပါတီများ၏အခန်းကဏ္ဍသည် အထူးပင်အရေးပါလှသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၁၀)တွင် နိုင်ငံရေးပါတီများနှင့်ပတ်သက်၍ သီးခြားပြဋ္ဌာန်းထားသည်။ ပုဒ်မ ၄၀၅ တွင် “နိုင်ငံရေးပါတီတစ်ရပ်သည် (က)စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုလက်ခံကျင့်သုံးရမည်။ (ခ)ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်တည်ဆဲဥပဒေများကိုလေးစားလိုက်နာရမည်။ (ဂ)နိုင်ငံရေးပါတီအဖြစ်ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားရမည်”ဟူ၍ ပြဋ္ဌာန်းထားသည်။ ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်းမရှိသည့်ပါတီသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိမည်မဟုတ်သကဲ့သို့ တရားဝင်ပါတီအဖြစ်လည်း ရပ်တည်ခွင့်ရှိမည်မဟုတ်တော့ပေ။

ထို့ပြင် ပုဒ်မ ၄၀၇ နိုင်ငံရေးပါတီများ ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိခြင်းတွင်(ခ) “နိုင်ငံတော်အားလက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကိုကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သောအဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသောအဖွဲ့အစည်းနှင့်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း”ဟုလည်းကောင်း၊ (ဂ)တွင် “နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေရယူသုံးစွဲခြင်း”ဟုလည်းကောင်း သတ်မှတ်ပြဋ္ဌာန်းထားသည်။ အထက်ပါပြဋ္ဌာန်းချက်များမှာ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အလေးထားခြင်းဖြစ်သည်။

နိုင်ငံရေးပါတီဆိုသည်မှာ နိုင်ငံရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုယုံကြည်လက်ခံ၍ နိုင်ငံရေးဝါဒသဘောတရားတစ်ရပ်အပေါ်တွင်အခြေခံပြီး မိမိတို့၏လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထိုအဖွဲ့အစည်းသည် ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့်ပြုထားသောအဖွဲ့အစည်းဖြစ်သည်။ နိုင်ငံရေးပါတီတစ်ရပ်သည် ပြည်သူလူထု၏ရွေးကောက်တင်မြှောက်မှုကြောင့် အစိုးရအဖွဲ့အစည်းအဖြစ်သို့ပြောင်းလဲဖွဲ့စည်းဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် အဆိုပါပါတီများအနေဖြင့်အစိုးရကောင်းတစ်ရပ်ဖြစ်ရန် အရည်အချင်းရှိသည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ပြီး ရွေးကောက်ပွဲဝင်ရန် လိုအပ်သည်။

နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် အရည်အချင်းရှိသည့်ကိုယ်စားလှယ်လောင်းများကို နိုင်ငံရေးပါတီများက မွေးထုတ်ပေးရန်လိုအပ်သည်။ နိုင်ငံရေးပါတီကောင်းမှအစိုးရကောင်းရရှိမည်ဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူလူထုက ၎င်းတို့ကိုကိုယ်စားပြုမည့်သူများကို ကိုယ်တိုင်ရွေးချယ်သည့်စနစ်ဖြစ်သောကြောင့် ကျင်းပမည့်အထွေထွေရွေးကောက်ပွဲသည် ပြည်သူလူထုများ၏ရွေးကောက်ပွဲဖြစ်သည်။ အနာဂတ်မြန်မာနိုင်ငံတော်ကို အကောင်းဆုံးပုံဖော်ဆောင်ရွက်နိုင်သူများကို ရွေးချယ်ပေးနိုင်ကြရမည်ဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိအောင် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေခြင်းမှာ ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်သည့်အပြင် ၂၀၂၅ ခုနှစ်အကုန်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်းဖြစ်သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့်နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်လာစေရန် တပ်မတော်က ကြိုးပမ်းနေခြင်းလည်းဖြစ်သည်။

စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရန် တပ်မတော်ကပြုစုပျိုးထောင်ပေးနေခြင်းဖြစ်သည့်အတွက် နိုင်ငံရေးပါတီများအနေဖြင့်လည်း နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အဓိကထားလျက် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံရေးပါတီများသည် နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် ပြည်သူကိုကိုယ်စားပြုပြီး တိုင်းပြည်တာဝန်များကို ဦးဆောင်ဦးရွက်ပြုကြရမည့်သူများဖြစ်သည်။ ထို့ကြောင့် ခိုင်မာအားကောင်းပြီး ပြည်သူ့အကျိုးကို ဆောင်ရွက်နိုင်သည့်နိုင်ငံရေးပါတီဖြစ်ကြရပေမည်။ ပါတီများအနေဖြင့် နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားရေးရှုလျက် ကိုယ်စားလှယ်လောင်းများရွေးချယ်ထားသလို ပြည်သူများအနေဖြင့် နိုင်ငံတော်အကျိုးကို အမှန်တကယ်သယ်ပိုးနိုင်မည့် ကိုယ်စားလှယ်များကိုရွေးချယ်ကြရန်ဖြစ်သည်။ သို့မှသာ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

# ခန္တီးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးစပါးသီးနှံဧက ၅၀၀၀ ကျော်စိုက်ပျိုးပြီးစီး

ခန္တီး ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးစပါးသီးနှံဧက ၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ယခု၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ခန္တီးမြို့နယ်၌ မိုးစပါးသီးနှံ ၈၂၇၉ ဧကစိုက်ပျိုးရန် အတွက်လျာထားပြီး ယခုနှစ်မေလမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ၅၉၂၅ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

“ဒီနေ့အထိ ဧက ၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ဆက်လက်စိုက်ပျိုးလျက်ရှိပါတယ်။ လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးပါတယ်”ဟု ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ခန္တီးမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် ခန္တီးမြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှီးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၀၉)

# နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Biometric (UID) စနစ်ဖြင့် Smart Card ဆောင်ရွက်ပေး

ကော့ကရိတ် ဩဂုတ် ၁၃

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အလေးမအားကစားရုံ၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ပင်စင်လစာများထုတ်ယူရာတွင် အဆင်ပြေစေရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့ကရိတ်မြို့နယ်ဦးစီးမှူးရုံးမှ (UID)Unique Identity ဆောင်ရွက်ခြင်းကို ဩဂုတ်လ ၁၂ ရက်မှစ၍ ယာယီရုံးဖွင့်လှစ်ပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့ကရိတ်ယာယီခရိုင်ဦးစီးမှူး ဦးဇော်ရာ၊ မြို့နယ်ဦးစီးမှူး ဦးထင်အောင်မိုးနှင့် ရုံးဝန်ထမ်းများက Biometric (UID) စနစ်ဖြင့် Smart Card မပြုလုပ်ရသေးသောအငြိမ်းစားများအား လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက် မြို့နေရပ်ကွက်အသီးသီးမှ အငြိမ်းစားများ လာရောက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထိုသို့ဆောင်ရွက်ပေးနေမှုအခြေအနေများကို ကော့ကရိတ်မြို့နယ်အုပ်ချုပ်ရေးမှူးက လာရောက်ကြည့်ရှု၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၆)

## MWD Education, Knowledge & Sports Channel

၁၄-၈-၂၀၂၅(ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၀ | Grade - 8 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၂၂ | Grade - 8 | သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၂၂ - ၁၇:၄၁ | Grade - 8 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၄-၈-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |


မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ကျောက်ပန်းတောင်းမြို့နယ်၌ မိုးရွာသွန်းမှုနှင့်အတူ မိုးကောင်းသောက်စပါးများစတင်စိုက်ပျိုး

ကျောက်ပန်းတောင်း ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ တောင်သူများသည် မိုးရွာသွန်းမှုနှင့်အတူ မိုးကောင်းသောက်စပါးမျိုးများ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်း မိုးကောင်းသောက်စပါးစိုက်ပျိုးခြင်းကို မိုးချိုသောက်စပါးဟုလည်းခေါ်ဆိုပြီး မိုးရွာသွန်းချိန်တွင် စပါးစိုက်ပျိုးမည့် ယာမြေ၊ လယ်မြေအတွင်းသို့ မြောင်းသွယ်၍ မိုးရေဝင်ရောက်စေကြောင်း၊ အညာဒေသ၌ မေလနောက်ဆုံးပတ်မှ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လတို့တွင် မိုးရွာသွန်းမှုများသောကြောင့် အဆိုပါလများတွင် မိုးကောင်းသောက်စပါးမျိုးများ စတင်ပျိုးထောင်ကြကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ မိုးကောင်းသောက်စပါးစိုက်ပျိုးမှုများပြားပြီး ပျိုးထောင်ချိန်တွင်လည်း အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများကို ပျိုးထောင်ကြကြောင်း၊ ရွှေမနော်၊ ရောပဒေသာ၊ ပုလဲသွယ်စပါးမျိုးများကို ပျိုးထောင်စိုက်ပျိုးကြပြီး စပါးပျိုးသက် ၂၀ ရက်မှ ၄၅ ရက်အတွင်း စပါးစိုက်မည့် ယာမြေ၊ လယ်မြေများထဲသို့ ရွှေ့ပြောင်းစိုက်ပျိုးကြကြောင်း၊ မိုးကောင်းသောက်စပါးသည် မိုးပုံမှန်ရွာသွန်းရုံဖြင့် အောင်မြင်ဖြစ်ထွန်းပြီး တစ်ဧကလျှင် ၆၅ တင်းမှ တင်း ၁၁၀ အထိ ထွက်ရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည်အထက်ဘက်ကျေးရွာများဖြစ်သည့် ဝွေးကုန်း၊ လက်ပံအိုင့်၊ လဲဂွ၊ မုန့်ကုန်း၊ ဆပ်ပြာကျင်း၊ ညောင်ဖြူပင်၊ ရွာသစ်၊ ကန်ပတ်လည်နှင့် ဆန်းလှကျေးရွာများသည် မိုးကောင်းသောက်စပါးစိုက်ပျိုးသည့် ကျေးရွာများဖြစ်ကာ မိုးပုံမှန်ရွာသွန်းရုံဖြင့် စပါးခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိသည်။

မိုးကောင်းသောက်စပါးစိုက်ပျိုးရာတွင် သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလတို့တွင် နှံ့ရည်စထည့်ကာ မိုးအကုန် ဆောင်းဦးရာသီအစ စပါးများရင့်မှည့်လာချိန်တွင် ရိတ်သိမ်းလေ့ရှိကြောင်း၊ စပါးရိတ်သိမ်းခြွေလှေ့ပြီးပါက ကောက်ရိုးများကို နွားစာအဖြစ် အသုံးပြုခြင်း၊ တဲမိုးခြင်းနှင့် မြေဆွေးအဖြစ် ပြန်လည်အသုံးပြုခြင်းတို့ပြုလုပ်ကြကြောင်း သိရသည်။



ဒီပါလင်း

# လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရန် အခြေခံပညာအထက်တန်းကျောင်းခွဲ (သာယာဝဲ)၌ လူငယ်စကားဝိုင်းကျင်းပ



ကျိုက်လတ် ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ကျိုက်လတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ(သာယာဝဲ)၌ ဩဂုတ်လ ၁၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်းခွဲ (သာယာဝဲ) မှ ကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ကျိုက်လတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီမြင့်က ကျောင်းသား၊ ကျောင်းသူ လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတတိုးပွားစေရန်၊ လူအများရှေ့တွင် ရဲဝံ့စွာ စကားပြောဆိုတတ်စေရန်၊ လူငယ်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီမြင့်နှင့် အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြတ်နိုးသူတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ကြပြီး Grade-11 မှ မောင်ဇင်ကိုကိုထက်က လူငယ်နှင့်ကိုယ်ကျင့်တရား၊ မသက်မှူးအောင်ဆန်းက လူငယ်နှင့် အားကစား၊ Grade-10 မှ နော်အေးပွင့်ဖူးက လူငယ်နှင့်စာပေ၊ မဝတ်ရည်ကျော်က လူငယ်နှင့်မူးယစ်ဆေး၊ မောင်ဆိုင်းစိုင်းနောင်က လူငယ်နှင့်စည်းကမ်း ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးကြသည်။

အဆိုပါလူငယ်စကားဝိုင်းသို့ အခြေခံပညာအထက်တန်းကျောင်းခွဲ(သာယာဝဲ) မှ ကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်းဇော်၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

လှိုင်မင်းအောင်

# စွန့်ပစ်ပစ္စည်းများအသုံးပြု၍ သဘာဝမြေဩဇာလက်တွေ့ပြုလုပ်ခြင်းနှင့် သုံးစွဲနည်း ကွင်းသရုပ်ပြ

မြိတ် ဩဂုတ် ၁၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာရှိ စိုက်ပျိုးနည်းပညာပြန့်ပွားရေးစင်တာ၌ ဩဂုတ်လ ၁၂ ရက်က မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးနှင့်ဝန်ထမ်းများက ဒေသခံတောင်သူများအား စိုက်ပျိုးထုတ်လုပ်မှုမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအသုံးပြု၍ သဘာဝမြေဩဇာလက်တွေ့ပြုလုပ်ခြင်းနှင့် သုံးစွဲနည်း ကွင်းသရုပ်ပြပွဲ ကျင်းပကြောင်း သိရသည်။

ကွင်းသရုပ်ပြပွဲတွင် မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးက စိုက်ပျိုးထုတ်လုပ်မှုမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများဖြစ်သည့် စပါးခွံနှင့် ဆီအုန်းအခက်များအသုံးပြု၍ သဘာဝမြေဩဇာပြုလုပ်သည့်နည်းစနစ်ကို လက်တွေ့ပြုလုပ်ပြသခဲ့ပြီး ထွက်ရှိလာသည့်သဘာဝမြေဩဇာလက်တွေ့သုံးစွဲနည်းများကို တောင်သူများအား ရှင်းလင်းပြသသည်။


"ဒီသဘာဝမြေဩဇာက ထုတ်လုပ်မှုစရိတ်သက်သာပြီး အလွယ်တကူထုတ်လုပ်နိုင်တဲ့ Biochar နည်းစနစ်နဲ့ ထုတ်လုပ်တဲ့အတွက် အပင်အတွက်လည်း အများကြီးအကျိုးပြုနိုင်ပါတယ်။ သဘာဝပတ်ဝန်းကျင်ကိုလည်း မထိခိုက်တဲ့အပြင် ထိန်းသိမ်းရာလည်းရောက်တဲ့အတွက် ဓာတ်မြေဩဇာနှင့် တွဲဖက်ပြီး အချိန်မှန်အချိုးကျသုံးစွဲခြင်းဖြင့် ထုတ်လုပ်မှုစရိတ်သက်သာပြီး အထွက်နှုန်းတိုးတက်လာမှာဖြစ်တဲ့အတွက် စိုက်ပျိုးပညာပေးတစ်ခုအနေနဲ့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်" ဟု မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးက ပြောသည်။

စိုက်ပျိုးထုတ်လုပ်မှုမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများ အသုံးပြု၍ Biochar နည်းစနစ်ဖြင့် သဘာဝမြေဩဇာကို နာရီပိုင်းအတွင်း ထုတ်လုပ်နိုင်ပြီး ယင်းသဘာဝမြေဩဇာကို သုံးစွဲခြင်းဖြင့် မြေချဉ်ငန်ဓာတ်ကိုထိန်းညှိပေးခြင်း၊ ရေထိန်းသိမ်းအားကောင်းမွန်စေခြင်း စသည့်မြေဆီလွှာ၏ ရုပ်နှင့်ဓာတ်ဂုဏ်သတ္တိကို ပိုမိုကောင်းမွန်စေခြင်း၊ ပေါင်းသတ်ဆေးနှင့် ပိုးသတ်ဆေးကဲ့သို့သော ဓာတုပစ္စည်းများ၏ဓာတ်ကြွင်းအာနိသင်ကို ထိန်းသိမ်းပေးနိုင်ခြင်း၊ အပင်အတွက် ကာဗွန်၊ မဂ္ဂနီဆီယမ်နှင့် ပိုတက်ဆီယမ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးနှင့်ဝန်ထမ်းများ၊ စန္ဒဝတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးအောင်နှင့် ဒေသခံတောင်သူ ၆၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကျွန်ုပ်အား ခွေးချစ်တတ်သော လူတစ်ယောက်ဆို၍ ခွေးဘဝမှ လာလေသလောဟု ပြောကြလျှင် ကျွန်ုပ် စိတ်ဆိုးလိမ့်မည် မဟုတ်ပါ။ ကျွန်ုပ်၏ခွေးများသည် ကျွန်ုပ်အပေါ်တွင် တချို့လူများထက် ရိုးသားစွာ ကြင်နာခြင်း၊ သစ္စာရှိခြင်းတည်းဟူသော အင်္ဂါများနှင့် ပြည့်စုံကြသည်ဟု တုံ့ပြန်ပြောရမည်ဖြစ်လေသည်။ ရန်ကုန်သို့ မပြောင်းရွှေ့မီတစ်ည၌ ကျွန်ုပ်သည် ဈေးချိုနာရီစင်အနီး၌ရှိသည့် ဒံပေါက်ဆိုင်တစ်ဆိုင်သို့ဝင်၍ ဒံပေါက်စားပြီးနောက် အိမ်သို့ပြန်လာရာ ကျွန်ုပ်၏ လုံချည်စကို နောက်မှ ဖြည်းညှင်းစွာ ဆွဲသည်ထင်သဖြင့် လှည့်ကြည့်လိုက်သည်တွင် ကြွက်စုတ်ဖြစ်နေကြောင်း တွေ့ရ၏။ ဤနေရာမှာ ကြွက်စုတ်၏အိမ်နှင့် မိုင်တစ်ဝက်ခန့်ဝေးသော်လည်း တော်သလင်းလရာသီဖြစ်၍ လူပျိုလှည့်လာခြင်းဖြစ်ကြောင်း ကျွန်ုပ် သတိရ၏။ မနက်ဖြန်တွင် ကျွန်ုပ်တို့သဘော်ဆိပ်ဆင်းကြမည် ဖြစ်လေသည်။ ကြွက်စုတ်သည် ကျွန်ုပ်နောက်သို့ လိုက်လာမည်ပြင်နေ၏။ ဤတွင် ကျွန်ုပ်သည် ဒံပေါက်တစ်ပွဲကိုမှာ၊ ဆိုက်ကားတစ်စီးကိုခေါ်၊ ဒံပေါက်ကို ဖက်နှင့်ထုပ်၊ ကြွက်စုတ်ကို ကျွေးထားခဲ့ပြီး ဆိုက်ကားဖြင့် သုတ်ခြေတင်ခဲ့ရလေသည်။

**ဂျူဒီ ရောက်လာခြင်း**

ခွေးများသည် ကျွန်ုပ်အပေါ်၌ သစ္စာရှိခြင်း၊ ချောက်မတွန်းတတ်ခြင်းအကြောင်းကို ကျွန်ုပ်သိသော်လည်း သူတို့အပေါ်၌ သံယောဇဉ်ငြိတွယ်ခြင်းကြောင့် ဒုက္ခရောက်တတ်ခြင်းကိုလည်း နားလည်ပြီးဖြစ်၍ နောက်ထပ် ခွေးမမွေးဖို့ ဆုံးဖြတ်ထား၏။ သို့ရာတွင် ကာယဗလမောင်နေဝင်းသည် ကျွန်ုပ်၏ခွေးဝါသနာပါခြင်းကို သိသည်နှင့် စပယ်နီကယ် ခွေးမလေးတစ်ကောင် လာပို့သည်တွင် ကျွန်ုပ်၏စိတ်မခိုင်မြဲတော့ဘဲ အရည်ပျော်၍သွားပါတော့သည်။ ကျွန်ုပ်သည် မောင်နေဝင်း၏စေတနာကို သိသည်နှင့် လက်ခံထားလိုက်ရ၏။ ခွေးလေးအတွက် နာမည်

**"ချမ်းသာသည် ဘော်ဘီကဲ့သို့ ဘိုင်စကယ်နောက်မှမလိုက်ဘဲ ခြေကျင်လျှောက်သောအခါမှ လိုက်လာတတ်သည်။ နံနက်တိုင်း စောစောကြီး လမ်းလျှောက်ခြင်းမှာ နှစ်ပေါင်း ၂၀ မျှ ကျွန်ုပ်၏ အလေ့အကျင့်တစ်ခုဖြစ်၍ ခွေးနှင့်တုတ်ကောက်မှာ ကျွန်ုပ်၏ အကောင်းဆုံးသော အဖော်များ ဖြစ်ကြလေသည် . . ."**

တစ်ခုစိတ်ကူးရာတွင် အနောက်တိုင်းဇာတ်လိုက်မင်းသမီး ဂျူဒီဂါလင်၏မျက်နှာသည် ဘွားခနဲပေါ်လာ၏။ ပေါ်လာခြင်းမှာ ဂျူဒီဂါလင်သည် နာမည်ကြီး၍ ရုပ်အဆင်းမည့်သော်လည်း သူ၏ နှာရောင်သည် ခပ်ကောက်ကောက်ရှိ၏။ (ဂျူဒီဂါလင်ကြားလျှင် ကျွန်ုပ်အား တရားစွဲမည်ကို ကြောက်ရ၏။) ဤခွေးမလေးမှာလည်း နှာရောင်ကောက်တောက်တောက်ရှိသည်နှင့် ကျွန်ုပ်က ဂျူဒီဟု မှည့်ထားလိုက်၏။ ဂျူဒီ၏ထူးခြားချက်မှာ ဘော်ဘီကဲ့သို့ ကျွန်ုပ်သွားတိုင်းမလိုက်ရုံသာမက နေအိမ်မှ တစ်ဖာလုံထက်ဝေးအောင် ဘယ်တော့မှမခွာဘဲ အိမ်မြဲလေးဖြစ်နေ၏။ တစ်ခါတစ်ရံ ကျွန်ုပ်နှင့်လိုက်လာသော်လည်း တစ်ဖာလုံခန့် ရောက်သည်နှင့်တစ်ပြိုင်နက် ချာခနဲလှည့်၍ ပြန်ပြေးတတ်လေသည်။ ဂျူဒီအရွယ်ရောက်သည်တွင် မောင်နေဝင်းတို့ ဇနီးမောင်နှံသည် ကျွန်ုပ်၏ အိမ်သို့အလည်လာရာတွင် ဂျူဒီ၏ မောင်ချမ်းသာခေါ် ခွေးထီးလေးတစ်ကောင်ပါလာ၏။ ထို့နောက်၌ ချမ်းသာသည် ကျွန်ုပ်တို့၏အိမ်သို့ ခဏခဏ အလည်လာ၍ သူ့သခင်များက လူလွှတ်ပြီး ဖမ်းခိုင်းရ၏။ သည်ကနေ့ဖမ်းလျှင် မနက်ဖြန်တွင် ပြန်ရောက်လာ၏။ ဤသို့လေးငါးကြိမ်ပြုသောအခါ သူ့သခင်များက "ဦးလေးသိန်းဆီမှာ ပျော်လျှင်လည်း နေပါစေတော့"ဟု ဆိုကာ စွန့်လွှတ်လိုက်သည်နှင့် ကျွန်ုပ်တွင် ခွေးတစ်စုံ ဖြစ်လာပြန်လေ၏။

**ချမ်းသာကို လွမ်းမိခြင်း**

၁၉၅၆ ခုနှစ်၌ ဖဆပလအစိုးရသည် သူတို့၏ ခြောက်ပြစ်ကင်းသော ပျူစောထီးများကို လူထုသတင်းစာက ဝေဖန်ရေးသားရချေမည်လောဟု ကျွန်ုပ်အား ထောင်ကြီးထဲ၌ ချုပ်နှောင်ထားရာတွင် ကျွန်ုပ်သည် ချမ်းသာကို ခဏခဏသတိရ၏။ ချမ်းသာသည် ဘော်ဘီကဲ့သို့ ဗလမကောင်းသော်လည်း (ခွေးမျိုးကောင်းလေးဖြစ်သည့်အလျောက်) သတ္တိအရာတွင် ဘော်ဘီထက် မည့်ချေ။ ဘော်ဘီကား ဗလနှင့် ကျင်လည်မှုအားကိုးဖြင့် သတ္တိကောင်းဖြစ်ဟန်တူရာ ချမ်းသာမူကား ခွေးပုလေးဖြစ်ပါလျက် မည်သည့် ခွေးကြီးကိုမျှ မကြောက်တတ်။ အမြီးကုပ်ခြင်းကို ကျွန်ုပ်တစ်ခါမျှ မမြင်ဖူးချေ။ သူသည် ဘော်ဘီကဲ့သို့ သူ့ကိုယ်သူ ထိထိရောက်ရောက် ခုခံကာကွယ်နိုင်ရှာသည် မဟုတ်။ ကျွန်ုပ်အားကိုးနှင့် နေရာတကာ လိုက်လာတတ်၏။

ကျွန်ုပ်နောက်သို့ လိုက်လာသော နှစ်ပေါင်းမှာ ချမ်းသာသည် ဘော်ဘီထက်ပင် ကြာပေသေးသည်။ သို့ရာတွင် ချမ်းသာသည် ဘော်ဘီကဲ့သို့ ဘိုင်စကယ်နောက်မှမလိုက်ဘဲ ခြေကျင်လျှောက်သောအခါမှ လိုက်လာတတ်သည်။ နံနက်တိုင်း စောစောကြီး လမ်းလျှောက်ခြင်းမှာ နှစ်ပေါင်း ၂၀ မျှ ကျွန်ုပ်၏ အလေ့အကျင့်တစ်ခုဖြစ်၍ ခွေးနှင့်တုတ်ကောက်မှာ ကျွန်ုပ်၏အကောင်းဆုံးသော အဖော်များ ဖြစ်ကြလေသည်။ ထောင်ထဲသို့ ရောက်သောအခါ ကျွန်ုပ်သည် ချမ်းသာကို ခဏခဏသတိရသည်နှင့် သူ့ကို ခေါ်ယူဖို့ ထောင်ပိုင်ထံ အခွင့်တောင်းမည်ကြံ၏။ ဤအကြောင်းကို တခြားလူများအား တိုင်ပင်ကြည့်ရာ "မလုပ်နဲ့ဆရာကြီး၊ စီကလပ်စ်ဘက်က လူတွေ စိတ်မချရဘူး၊ ခွေးဝဝလေးဆိုရင် ချက်စားမှာ စိုးရိမ်ရတယ်"ဟု ပြော၏။ တစ်ယောက်က "ဆရာကြီးရဲ့ခွေးကိုတော့ လုပ်ကြမယ် မထင်ပါဘူး" ဟု ပြောရာ ပထမလူက "မလုပ်နဲ့ဗျ၊ ဟိုလူတွေက နိုင်ငံရေးအကျဉ်းသမားတွေမဟုတ်ဘူးနော်"ဟု ပြောသည်နှင့် မခေါ်ဝံ့တော့ချေ။ ကျွန်ုပ် ထောင်ထဲမှ လွတ်လာ၍ တစ်လခန့်ကြာသောအခါတွင် ချမ်းသာပျောက်သွားလေရာ စစ်ဗိုလ်နှင့်တူသော လူတစ်ယောက်က ဂျစ်ကားပေါ်သို့ တင်ခေါ်သွားခြင်းကို မြင်လိုက်ရကြောင်း လူတစ်ယောက်က သတင်းပေးလေသည်။ ဤတစ်ချက်တွင် ဘော်ဘီနှင့် ကွာလှသည်။ ဘော်ဘီသည် အိမ်သူအိမ်သားများမှတစ်ပါး (ဘာကိုကျွေး၍ ချော့သည်ဖြစ်စေ) ကိုင်တွယ်ခြင်းကို မခံတတ်ဘဲရှိရာ ချမ်းသာမူကား သူ့အား ယုယုယယပွတ်သပ်ကိုင်တွယ်လိုက်သည်ဆိုလျှင် ဘယ်သူက ပွေ့ခေါ်သည်ဖြစ်စေ အမြီးနန့်၍ လိုက်သွားတတ်သည်။

**မယ်ကြီးအိုကလေး ဂျူဒီ**

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ (သီတင်းကျွတ်လ)၌ ကျွန်ုပ်သည် ကျောက်ဆည်ရှိ ဝေဘူဆရာတော်ကို ဖူးတွေ့ရင်း ဥပုသ်စောင့်ရင်းသွားလေရာမှ ပြန်လာသောအခါ ဂျူဒီသေကြောင်း ပြောကြ၍ ကြားရသည်။ ဂျူဒီသည် ကျွန်ုပ်တို့ လက်ထဲတွင် ဆယ်နှစ်တိုင်တိုင်နေခဲ့၍ အမယ်ကြီးအိုလေးအဖြစ်သို့ ရောက်နေခဲ့လေပြီ။ သူ့၌ အိမ်မြဲခြင်း၊ သခင်ကို ဒုက္ခမပေးခြင်း၊ သိမ်မွေ့သောသဘောရှိခြင်း၊ သူ့သခင်မအား ချစ်တတ်ခြင်း စသော အခြင်းအရာများမှတစ်ပါး ခွေးထီးများကဲ့သို့ ကျွန်ုပ်အထူးတလည်နှစ်သက်သော သဘာဝမျိုး မရှိသည့်အတွက်ကြောင့် သနားရုံမှတစ်ပါး စိတ်၌ ထိခိုက်လောက်အောင်မဖြစ်ခဲ့ပါ။ ဂျူဒီသေဆုံးသည့်နေ့မှစ၍ ယနေ့တိုင် ကျွန်ုပ်သည် ခွေးမွေးချင်သော အာသီသကို ဖြတ်လိုက်ပြီဖြစ်ရာ ဤစာကို ရေးသောအချိန်တွင် ကျွန်ုပ်၌ ခွေးတစ်ကောင်မျှ မရှိတော့ပါ။ (ကိုယ့်အဖြစ်အပျက်ကိုရေးရာမှ ခွေးများအကြောင်းကို ရေးရလေသလောဟု အပြစ်ပြောလိုသော လူများရှိကြလျှင် ကျွန်ုပ်အဖို့ရာ၌ ဤခွေးများသည် ကျွန်ုပ်၏စိတ်ကို တချို့လူသားများထက် ထိခိုက်စေတတ်ကြောင်း ဝန်ခံပြီးနောက် ကျွန်ုပ်ကို ခင်မင်သူများနှင့် ခွေးချစ်တတ်သူများကို ချန်လှပ်ပြီး ဤအတွက် ခွင့်လွှတ်ပါရန် တောင်းပန်ရမည်ထင်ပါသည်။

**ကျွန်ုပ်၏ တပည့်များ၊**
**(၁) သော်တာဆွေ**

၁၉၄၆ ခုနှစ်တွင် ဝက်လက်မှ မန္တလေးသို့ ပြောင်းလာခဲ့၍ ခေးတန်းရပ်ရှိ တူတော်မောင်ဝင်းမောင်၏ အိမ်၌ မှီခိုနေထိုင်လျက်ရှိစဉ် တစ်နေ့သောနံနက်၌ လူငယ်တစ်ယောက်ရောက်လာ၏။ ကျွန်ုပ်သည် သူ့ကို တစ်ကြိမ်မျှ မတွေ့ဖူးသည့်အပြင် သူ၏ကိစ္စကိုလည်း မခန့်မှန်းတတ်သည်နှင့် အမ်းတမ်းတမ်းဖြစ်ကာ နေရာထိုင်ခင်းပေးလေရာ သူကလည်း ရဲတင်းသောအမူအရာမရှိဘဲ ခပ်တွန့်တွန့်နှင့်ပင်ဝင်၍ထိုင်၏။ ကျွန်ုပ်က ကိစ္စကို မေးသောအခါ သူက ဝတ္ထုတစ်ပုဒ်ရေးထားကြောင်း၊ ယင်းကို ကျွန်ုပ်ကြည့်ရှုပြင်ဆင်ပေးစေလိုကြောင်း ပြောလေသည်။

ကျွန်ုပ်သည် ဤကိစ္စမျိုးနှင့်လာသော ရဟန်းရှင်လူများကို မကြာခဏ တွေ့ရဖူး၍ ၎င်းတို့၏စာမူများကို ဖတ်ကြည့်သောအခါများတွင် ပုံနှိပ်လောက်အောင်ကောင်းလှသည်မဟုတ်ခြင်းကို ကြုံရဖန်များခဲ့လှပြီဖြစ်သောကြောင့် အင်တင်တင်ဖြစ်သွားမိသည်။ (နောက်ပိုင်း၌ သော်တာဆွေက ဤအကြောင်းကို စကားစပ်မိ၍ ပြောရာတွင် "ဦးကြီးကို ပထမအကြိမ် ကျွန်တော်တွေ့လိုက်ရတုန်းက သိပ်ပြီး အထင်မကြီးဘူးဗျ၊ နောက်တော့မှ တဖြည်းဖြည်း ကြာလေကြာလေ သဘောကျလာတယ်" ဟု ပြောဖူးလေသည်။)

**ဆက်လက်ဖော်ပြပါမည်။**


# ကန်ကြီးထောင့်မြို့နယ်၌ ပေါင်းလိုက်တမန်းနှိုးခြင်းနှင့် ဓာတ်မြေသြဇာစုပေါင်းကြဲပက်ပွဲကျင်းပ

ကန်ကြီးထောင့် ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ သီးနှံများ ပန်းတိုင်အထွက်နှုန်းကျော်လွန်ရရှိရေး ပေါင်းလိုက်တမန်းနှိုးခြင်းနှင့် ဓာတ်မြေသြဇာ စုပေါင်းကြဲပက်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၂ ရက်က ကွင်းယားအရှေ့ကျေးရွာအုပ်စု ကွင်းယားကြီးကျေးရွာရှိ ကွင်းအမှတ် (၁၈၆/ဂ) ဦးပိုင်အမှတ် (၉/စ) တောင်သူဦးဆန်းဦး၏ နယူးရော(၁၁) မျိုးစပါးစိုက်ပျိုးထားသော လယ်နှစ်ကေ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးသိန်းနိုင်စိုးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများတက်ရောက်ကြသည်။

လယ်ယာမြေများအတွင်း ပေါင်းလိုက်တမန်းနှိုးခြင်းကြောင့် စိုက်ခင်းအတွင်းရှိ မြေများလေဝင်လေထွက်ကောင်းစေခြင်း၊ သီးနှံအမြန်ကြီးထွားမှုရှိစေခြင်း၊ အပင်အမြစ်ပိုမိုခိုင်မာစေခြင်း၊ စိုက်ခင်းအတွင်း ပေါင်းပေါက်ရောက်မှုနည်းပါးခြင်းနှင့်



ဓာတုပေါင်းသတ်ဆေးသုံးစွဲမှု လျှော့ချအသုံးပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

**ကျော်ဇင်စိုး (ပြန်/ဆက်)**

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် တုံ့ပြန်ဆောင်ရွက်နေမှု အခြေအနေများအား ပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ခြင်း

နေပြည်တော် ဩဂုတ် ၁၃

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က အင်အား ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုတွင် သေဆုံးခြင်း၊ ပျောက်ဆုံးခြင်း၊ ဒဏ်ရာရရှိခြင်းများအပါအဝင် အခြေခံအဆောက်အအုံများ သောင်းနှင့်ချီ၍ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုများအား မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့ရာ ဆည်မြောင်း တာတမံ၊ လမ်းတံတား၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ သာသနာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ အစိုးရ စက်ရုံ/အလုပ်ရုံ၊ ရုံးအဆောက်အဦစသည့် အစိုးရကဏ္ဍပျက်စီးဆုံးရှုံးမှုမှာ ငွေကျပ် ၄၇၇၉ ဘီလီယံကျော်ဖြစ်သည်။ လူနေအိမ်၊ ပုဂ္ဂလိကစက်ရုံ အလုပ်ရုံ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ ပုဂ္ဂလိကစာသင်ကျောင်းများ၊ ဆေးရုံ/ ဆေးခန်းများ၊ စိုက်ပျိုးသီးနှံများအစရှိသည့် ပုဂ္ဂလိကကဏ္ဍဆုံးရှုံးမှုမှာ ငွေကျပ် ဘီလီယံ ၃၂၀၀ ကျော်ဖြစ်သည့်အတွက် စုစုပေါင်းဆုံးရှုံးမှုမှာ မြန်မာကျပ်ငွေ ဘီလီယံ ၇၉၇၉ ကျော် အမေရိကန်ဒေါ်လာ သန်း ၃၈၀၀ ခန့်ဖြစ်သည်။

တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ပျက်စီးဆုံးရှုံးမှုတွင် မန္တလေးတိုင်းဒေသကြီးက အများဆုံးဖြစ်ပြီး ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်က ဒုတိယအများဆုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီးက တတိယအများဆုံး ဖြစ်သည်။ ကဏ္ဍအလိုက် ပျက်စီးဆုံးရှုံးမှုတွင် အစိုးရရုံး၊ အဆောက်အဦ၊ ရုံးအသုံးအဆောင်နှင့် ဝန်ထမ်းအိမ်ရာများပျက်စီးမှုက အများဆုံးဖြစ်၍ လူနေအိမ်/ အဆောက်အဦများပျက်စီးမှုက ဒုတိယအများဆုံး၊ ဘာသာရေးအဆောက်အဦများပျက်စီးမှုက တတိယအများဆုံးဖြစ်သည်။

ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား နိုင်ငံတော်မှ ပံ့ပိုးကူညီပေးလျက်ရှိရာ ငလျင်ဘေး စတင်ဖြစ်ပွားသည်မှ ၁၁-၈-၂၀၂၅ ရက်အထိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ဘေးသင့်ပြည်သူများ တိုက်ရိုက်အကျိုးခံစားခွင့်ရရှိစေမည့် အရေးပေါ်စားနပ်ရိက္ခာများထောက်ပံ့မှုအတွက် ကျပ်ငွေ ၄၂ ဒသမ ၀၉၄ ဘီလီယံကျော်၊ သေဆုံးသူများ၏ မိသားစုများအားထောက်ပံ့မှုအတွက် ကျပ်ငွေ ၄ ဒသမ ၇၃၃ ဘီလီယံကျော်၊ ဒဏ်ရာရသူများအတွက် ကျပ်ငွေ သုည ဒသမ ၁၇၅ ဘီလီယံ၊ နေအိမ်များပြန်လည်တည်ဆောက်ရန် ကျပ်ငွေ ၁၆၀၅ ဒသမ ၅၇၁ ဘီလီယံကျော် စုစုပေါင်းကျပ်ငွေ ၁၆၅၂ ဒသမ ၅၇၃ ဘီလီယံကျော်ကို ထောက်ပံ့ထားရှိသည့်အပြင် ရှေးဦးပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကျပ်ငွေ ၃၄၀ ဘီလီယံကျော်ကို သုံးစွဲပြီးဖြစ်သည်။ ပြည်တွင်း/ပြည်ပမှလှူဒါန်းသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကိုလည်း ဘေးသင့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ဖြန့်ခွဲထောက်ပံ့ပြီးဖြစ်သည်။

ငလျင်ကြောင့် ရုံးများ၊ အခြေခံပညာကျောင်းများ၊ ဝန်ထမ်းအိမ်ရာများပျက်စီးခဲ့ရာ ဝန်ထမ်းများနေထိုင်နိုင်ရေးနှင့် ရုံးများ၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယာယီ ကွန်တိန်နာရုံး ၄၄၂ လုံး၊ ယာယီ ကွန်တိန်နာအိမ် ၉၀၄၈ လုံး၊ ယာယီ Prefabricated စာသင်ကျောင်းဆောင် ၂၀ ကို ဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် ဘေးသင့်ဒေသများသို့ ဖြန့်ခွဲဆောင်ရွက်ပေးထားပြီးဖြစ်သည့်အပြင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ယာယီနေအိမ် ၂၉၇၂ ခန်း ဆောက်လုပ်ခဲ့ပြီး ၁၂၇ ခန်း ဆောက်လုပ်ဆဲဖြစ်ကာ ယာယီစာသင်ဆောင် ၅၇ ဆောင်ဆောက်လုပ်ခဲ့ပြီး ၇ ဆောင် ဆောက်လုပ်ဆဲဖြစ်သည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကဏ္ဍအလိုက် အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ အခြေခံပညာကျောင်းများအားလုံးကို ကျောင်းဖွင့်ချိန်တွင် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဆေးရုံ၊ ဆေးခန်းများကိုလည်း ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။ လမ်းပျက်စီးမှု၏ ၉၄ ဒသမ ၄၃ ရာခိုင်နှုန်း၊ တံတားပျက်စီးမှု၏ ၃၈ ဒသမ ၈၃ ရာခိုင်နှုန်း၊ မြန်မာ့မီးရထားလမ်းပိုင်းအလိုက် ပျက်စီးမှု၏ ၉၆ ဒသမ ၃၉ ရာခိုင်နှုန်း ပြုပြင်ပြီးဖြစ်သည်။ ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြီးစီးမှုအနေဖြင့် ဆက်သွယ်မှု၏ ၉၇ ဒသမ ၁၉ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုအနေဖြင့် ၉၈ ဒသမ ၆၁ ရာခိုင်နှုန်း လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့သည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြီးမြောက်အောင်မြင်စေရေးအတွက် ကဏ္ဍအလိုက်၊ အဖွဲ့အစည်းအလိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

**၂၈-၃-၂၀၂၅ ရက်နေ့တွင် မြေငလျင်လှုပ်ခတ်မှုကြောင့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ကဏ္ဍအလိုက်ပျက်စီးဆုံးရှုံးမှုအခြေအနေ**

| စဉ် | ကဏ္ဍ | ပျက်စီးဆုံးရှုံးမှု(ကျပ်သန်း) | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | **လူမှုရေးကဏ္ဍ** | | |
| | လူနေအိမ်/အဆောက်အဦ | ၂,၃၂၁,၄၉၄.၈၅၁ | ၂၉.၀၉၃ |
| | ပုဂ္ဂလိကယာဉ် | ၁၉,၀၁၇.၉၄၀ | ၀.၂၃၈ |
| | ပညာရေး | ၅၂၂,၄၆၂.၀၀၀ | ၆.၅၄၇ |
| | ကျန်းမာရေး | ၁၆၆,၆၆၆.၈၇၃ | ၂.၀၈၉ |
| | ဘာသာရေး | ၆၆၁,၄၀၁.၉၀၅ | ၈.၂၈၉ |
| | ယဉ်ကျေးမှု | ၅၀,၃၈၇.၅၀၈ | ၀.၆၃၁ |
| | **စုစုပေါင်း** | **၃,၇၄၁,၄၃၁.၀၇၇** | **၄၆.၈၈၇** |
| ၂ | **ထုတ်လုပ်မှုကဏ္ဍ** | | |
| | သီးနှံ | ၂၄၈.၈၇၅ | ၀.၀၀၃ |
| | တိရစ္ဆာန် | ၂,၁၃၃.၅၆၅ | ၀.၀၂၇ |
| | ဆည်မြောင်း၊ တာတမံ၊ ရေအရင်းအမြစ် | ၈၉,၃၄၄.၆၉၁ | ၁.၁၂၀ |
| | စက်ရုံ/အလုပ်ရုံ/လုပ်ငန်း | ၁၈၆,၆၃၉.၄၇၅ | ၂.၃၃၉ |
| | စီးပွားရေးလုပ်ငန်း | ၆၃၄,၄၀၀.၄၈၈ | ၇.၉၅၀ |
| | **စုစုပေါင်း** | **၉၁၂,၇၆၇.၀၉၄** | **၁၁.၄၃၉** |
| ၃ | **အခြေခံအဆောက်အဦကဏ္ဍ** | | |
| | လျှပ်စစ် | ၁၅၃,၉၀၂.၁၁၀ | ၁.၉၂၉ |
| | ပို့ဆောင်ရေး(လမ်း/တံတား/ရထားလမ်း) | ၂၅၇,၅၁၄.၅၉၆ | ၃.၂၂၇ |
| | ဆက်သွယ်ရေး | ၁၀,၁၅၁.၁၃၇ | ၀.၁၂၇ |
| | စွမ်းအင် | ၃၄၃.၂၇၀ | ၀.၀၀၅ |
| | **စုစုပေါင်း** | **၄၂၁,၉၁၁.၁၁၃** | **၅.၂၈၈** |
| ၄ | **အစိုးရဌာနဆိုင်ရာ** | | |
| | ရုံး၊ အဆောက်အဦ၊ ရုံးအသုံးအဆောင်နှင့် ဝန်ထမ်းအိမ်ရာ | ၂,၉၀၃,၄၁၅.၆၇၂ | ၃၆.၃၈၆ |
| | **စုစုပေါင်း** | **၂,၉၀၃,၄၁၅.၆၇၂** | **၃၆.၃၈၆** |
| | **စုစုပေါင်းပျက်စီးဆုံးရှုံးမှု** | **၇,၉၇၉,၅၂၄.၉၅၆** | **၁၀၀.၀၀၀** |

**၂၈-၃-၂၀၂၅ ရက်နေ့တွင် မြေငလျင်လှုပ်ခတ်မှုကြောင့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ပျက်စီးဆုံးရှုံးမှုအခြေအနေ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ပျက်စီးဆုံးရှုံးမှု (ကျပ်သန်း) | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | ၃,၅၀၇,၂၇၀.၅၁၂ | ၄၃.၉၅၃ |
| ၂ | ကယားပြည်နယ် | ၆၉.၂၉၂ | ၀.၀၀၁ |
| ၃ | ကရင်ပြည်နယ် | ၂,၂၄၉.၆၉၃ | ၀.၀၂၈ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၆၅,၉၅၅.၄၅၂ | ၇.၀၉၃ |
| ၅ | ပဲခူးတိုင်းဒေသကြီး | ၁၃၈,၄၃၅.၂၉၇ | ၁.၇၃၅ |
| ၆ | မကွေးတိုင်းဒေသကြီး | ၅၉၁.၈၃၉ | ၀.၀၀၇ |
| ၇ | မန္တလေးတိုင်းဒေသကြီး | ၃,၆၃၁,၆၃၁.၆၉၆ | ၄၅.၅၁၂ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး | ၃၇၈.၄၁၀ | ၀.၀၀၅ |
| ၉ | ရှမ်းပြည်နယ် | ၁၃၂,၉၃၅.၂၆၅ | ၁.၆၆၆ |
| ၁၀ | ဧရာဝတီတိုင်းဒေသကြီး | ၇.၅၀၀ | ၀.၀၀၀ |
| | **စုစုပေါင်း** | **၇,၉၇၉,၅၂၄.၉၅၆** | **၁၀၀.၀၀၀** |

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရွှေတိဂုံစေတီတော်ဂေါပကရုံးဝန်ထမ်းများ၏ လုပ်ငန်းခွင်မွမ်းမံသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်း ဂေါပကအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် ဂေါပကရုံးဝန်ထမ်းများ၏ လုပ်ငန်းခွင် မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ်လ ၁၂ ရက်က ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင် အရှေ့ဘက်မုခ်ရှိ ရေကြည်တော်ဝတ်အသင်းတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသူများက နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင် အလှည့်ကျသဘာပတိ ဦးဌေးလှိုင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင်များက လုပ်ငန်းခွင်သင်တန်း၌ သင်ကြားပေးခဲ့သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းသင်တန်းကျောင်းမှ သင်တန်းဆရာမနှင့် အခြေခံစာရင်းရေးနှင့် စာရင်းကိုင်သင်တန်းဆရာတို့ကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူတို့အား ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ဆုရသင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းကို ဇူလိုင်လ ၁ ရက်မှ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် ရုံးစာရေးသားနည်းနှင့် စာရင်းကိုင်ပညာတို့ကို စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်းနှင့် သင်တန်းသား၊ သင်တန်းသူ ၄၈ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**



# လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် အိမ်တွင်းအကြမ်းဖက်မှုများ ကာကွယ်စောင့်ရှောက်ရေး အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် အိမ်တွင်းအကြမ်းဖက်မှုများကာကွယ်စောင့်ရှောက်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၂ ရက်က ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျော်သက်ထားဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုရဲအုပ်လင်းထွဋ်က လူကုန်ကူးမှုဆိုင်ရာသိကောင်းစရာများကို အသိပညာပေးဟောပြောခြင်း၊ မြို့နယ် ဒုတိယဥပဒေအရာရှိဦးကောင်းစည်သူက အိမ်တွင်းအကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုများ ကာကွယ်စောင့်ရှောက်မှု၊ အမျိုးသမီးများကို အကြမ်းဖက်မှုနှင့် မှုခင်းကာကွယ်ရေးအတွက် အမျိုးသမီးများသိသင့်သော ဥပဒေပုဒ်မများကို အသိပညာပေးရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ အမျိုးသမီးများဘဝလုံခြုံမှုကို ထိပါးစေသောအကြောင်းများ၊ အမျိုးသမီးများသိသင့်သောပုဒ်မများဆိုင်ရာ လက်ကမ်းစာစောင်များကို အခမ်းအနားတက်ရောက်လာသူများထံ ဖြန့်ဝေပေးသည်။

အခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်လှလှဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျော်သက်ထားဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ဥပဒေရုံးမှ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **ကျော်သန်း(မြို့နယ် ပြန်/ဆက်)**

# လူငယ်ရေးရာ အသိပညာပေး ဟောပြောဆွေးနွေး


ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ (တောင်ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် လူငယ်ရေးရာအသိပညာပေးဟောပြောဆွေးနွေးပွဲကို ဩဂုတ်လ ၁၂ ရက်က (၆၄) ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း စုဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လဲ့လဲ့မော်က အဖွင့်အမှာစကားပြောကြားပြီး ဒဂုံ(တောင်ပိုင်း) မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းအေးက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဖြစ်ပေါ်လာပုံအကြောင်းနှင့် တန်ဖိုးကြီးမားလူငယ်များခေါင်းစဉ်ပါ အကြောင်းအရာများကို ဟောပြောဆွေးနွေးသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းအတွင်းရေးမှူး စာရေးဆရာ သက်ဝေမောင်က စာဖတ်ခြင်းသုံးမျိုး၊ စာပေသုံးမျိုး၊ စာပေအသိပညာများ ရှာဖွေဖတ်ရှုခြင်း၏ လက်တွေ့အကျိုးကျေးဇူးများ၊ စာပေဖတ်ရှုခြင်းမှရရှိသော အကျိုးကျေးဇူးများကို လက်တွေ့လောကတွင် အသုံးချပြီး အောင်မြင်သော လူတော်လူကောင်းအဖြစ်သို့ ရောက်ရှိလာပုံများကို ဥပမာ၊ ပုံပြင်များဖြင့် အသိပညာပေးပြောကြားသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ/ရသစာအုပ်စာစောင်များ၊ အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **နေမျိုးအောင်**




# ကျောင်းသား ကျောင်းသူများ နှုတ်မှုစွမ်းရည် မြင့်မားစေရေး ပုံပြောပြိုင်ပွဲပြုလုပ်

သဲကုန်း ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ နှုတ်မှုစွမ်းရည်မြင့်မားရေးအတွက် ပုံပြောပြိုင်ပွဲကို ဩဂုတ်လ ၁၃ ရက်တွင် မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်မသန်းစိန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင့်နန္ဒာဌေးက ကျောင်းသား၊ ကျောင်းသူများ ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီး ကျောင်းစာအပြင် ပြင်ပဗဟုသုတများကြွယ်ဝစေရန်၊ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်၊ နောင်တစ်ချိန်တွင် နိုင်ငံတော်မှ အားကိုးအားထားပြုရမည့် လူတော်၊ လူကောင်း၊ လူရည်ချွန်၊ လူရည်မွန်များဖြစ်လာစေရန်၊ အစုအဖွဲ့အတွင်း ပူးပေါင်းပါဝင်ယှဉ်ပြိုင်နိုင်စွမ်းရှိလာစေရန်နှင့် နှုတ်မှုစွမ်းရည်မြင့်မားစေရန်ရည်ရွယ်၍ ပြိုင်ပွဲများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်းနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုံပြောပြိုင်ပွဲကျင်းပရာ အခြေခံပညာမူလတန်းကျောင်း ရပ်ကွက်(၃) မှ မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူများက မိမိတို့နှစ်သက်ရာပုံပြင်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးအထိမ်းအမှတ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေး၊ ခြင်အန္တရာယ်နှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

# သရက်ချောင်းမြို့နယ်၌ တတိယအကြိမ် ယူရီးယားဓာတ်မြေသြဇာများ ဈေးနှုန်းချိုသာစွာဖြန့်ဖြူးပေးအပ်




သရက်ချောင်း ဩဂုတ် ၁၃

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ ဩဂုတ်လ ၁၃ ရက်နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် မိုးရာသီမိုးစပါးပန်းတိုင်စံပြကျေးရွာ မျိုးစေ့ထုတ်စိုက်ခင်း၊ စံပြကွက်၊ စမ်းသပ်ကွက်နှင့် မိုးစပါးစိုက်ပျိုးသည့်တောင်သူများအား တတိယအကြိမ် ယူရီးယားဓာတ်မြေသြဇာများ ဈေးနှုန်းချိုသာစွာဖြန့်ဖြူးပေးအပ်ခြင်းအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် သရက်ချောင်းမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက နိုင်ငံတော်အနေဖြင့် ဒေသခံတောင်သူများ ဝင်ငွေတိုးတက်ရရှိကာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် ဓာတ်မြေသြဇာများအား ဈေးနှုန်းချိုသာစွာ ထောက်ပံ့ပေးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရရှိစေရေးနှင့် စိုက်ပျိုးနည်းစနစ်များ မှန်ကန်စွာစိုက်ပျိုးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံတောင်သူများအားလုံးကလည်း သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပူးပေါင်းကာ ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးထွက်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်သက်သာပြီး လယ်ယာမြေအတွက် ရေရှည်အကျိုးပြုနိုင်သည့် သဘာဝမြေသြဇာများကို စနစ်တကျ ထည့်သွင်းအသုံးပြုကြရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းက ၂၀၂၅ ခုနှစ်အတွက် မိုးရာသီမိုးစပါးပန်းတိုင်စံပြကျေးရွာ မျိုးစေ့ထုတ်စိုက်ခင်း၊ စံပြကွက်၊ စမ်းသပ်ကွက်နှင့် မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား တတိယအကြိမ် ယူရီးယားဓာတ်မြေသြဇာ ဈေးနှုန်းချိုသာစွာဖြန့်ဖြူးပေးအပ်ခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တောင်သူများထံသို့ ယူရီးယားဓာတ်မြေသြဇာနှင့်ပျိုးပင်များအား ပေးအပ်ကြောင်း သိရသည်။

(၄၁၂)

# ဒေးဒရဲမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများကျင်းပ

ဒေးဒရဲ ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား၊ ကျောင်းသူများ ပြင်ပဗဟုသုတများ တိုးပွားစေရန်နှင့် မိုးရာသီကာလဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များအား ကြိုတင်သိရှိကာကွယ်နိုင်စေရန်ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများကို ဩဂုတ်လ ၁၃ ရက်နံနက်ပိုင်းတွင် မြို့နယ်လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ကျောင်းသား၊ ကျောင်းသူများ ကျောင်စာအပြင် ပြင်ပဗဟုသုတ တိုးပွားစေရေးအတွက် ဟောပြောပွဲများ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများနှင့်သင်တန်းများ ပြုလုပ်ပေးလျက်ရှိသည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်လွင်လွင်အောင်က မိုးရာသီကာလဖြစ်ပွားတတ်သည့်မုန်တိုင်းဘေး၊ လေပြင်းဘေးနှင့် ရုတ်တရက်ရေကြီးရေလျှံမှုများဖြစ်ပွားလာပါက ကြိုတင်သတိပြုရှောင်ရှားရမည့်နည်းလမ်းများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်သည်။

ဆက်လက်၍ပြိုင်ပွဲတက်ရောက်လာသူများနှင့် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်စာစောင်များနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို လေ့လာဖတ်ရှုကြောင်း သိရသည်။

**အေဇာလင်း**




# အစားထိုးသီးနှံဖွံ့ဖြိုးရေး မျိုးစေ့၊ ပျိုးပင်နှင့်သွင်းအားစုများပေးအပ်

မင်းတုန်း ဩဂုတ် ၁၃

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ်လ ၁၃ ရက်နံနက်ပိုင်းတွင် အစားထိုးသီးနှံဖွံ့ဖြိုးရေးအတွက် မျိုးစေ့၊ ပျိုးပင်နှင့် သွင်းအားစုဓာတ်မြေသြဇာများပေးအပ်ပွဲကျင်းပသည်။

ရေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက အစားထိုးသီးနှံဖွံ့ဖြိုးရေးအတွက် ပံ့ပိုးပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အစားထိုးသီးနှံဖွံ့ဖြိုးရေးအတွက်ယင်းကောက်ကျေးရွာ၊ချောက်လန်ကျေးရွာ၊ ကန်ကျောကျေးရွာနှင့် ငကုန်းကျေးရွာတို့မှ တောင်သူ ၃၀ ဦးကို ပိန္နဲပင် ၁၀၀၊ စပါးမျိုးစေ့တင်း ၂၀၊ မြေပဲမျိုးစေ့ ၁၂ တင်းနှင့် ဓာတ်မြေသြဇာ၂ တန် ပံ့ပိုးပေးအပ်ကြောင်း သိရသည်။

ချင်းကလေး(NRDC)

# မိတ္ထီလာမြို့နယ် ကန်သာအေး-အောင်သာလမ်း မြေသားတင်ဂျင်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကန်သာအေး-အောင်သာလမ်းဌာနမှ စက်ယန္တရားသုံး၍ မြေသားတင်ဂျင်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ဩဂုတ်လ ၁၂ ရက်တွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် မိတ္ထီလာမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိတို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ၄၇ ဒသမ ၁၀၄ သန်းဖြင့် မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အရှည် ၁/၂ မိုင်၊ အကျယ် ၁၈ ပေ၊ ထု ၂ ပေ ၄ လက်မရှိ ကန်သာအေး-အောင်သာလမ်းကို ဌာနမှစက်ယန္တရားသုံး၍ မြေသားတင်ဂျင်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြောင်း သိရသည်။

(၆၀၂)

# ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်



နေပြည်တော် ဩဂုတ် ၁၃

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ကိုင်းကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းအခမ်းအနားကို ဩဂုတ်လ ၁၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင်ဥတ္တရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်မြင့်မြင့်အေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ ကော်မတီဝင်ဖွဲ့စည်းရာတွင်လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက်အခမ်းအနားသို့တက်ရောက်လာကြသော ညောင်ကိုင်းကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်သည့် ခေတ်မီစံပြကျေးရွာထူထောင်ခြင်းလုပ်ငန်းစီမံကိန်း ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးကြောင်းသိရသည်။ **ချိုသန်းညွန့်(ကျေးလက်)**

# ဆေးဖက်ဝင်သော ကညွတ်ပင်

> "ကညွတ်တွင် ဗီတာမင်- A ကြွယ်ဝစွာပါဝင်နေသည့်အတွက် မျက်စိကျန်းမာရေးကိုကောင်းမွန်စေပြီး အတွင်းတိမ်ဖြစ်ခြင်းကို သက်သာစေသည်။ အမြင်အာရုံတွင် အမည်းစက်၊ အမည်းပြောက်များမြင်ခြင်းမှ သက်သာစေသည်။ ဆီးချိုရောဂါကို ကာကွယ်ပေးနိုင်သည့်အပြင် သွေးချိုရောဂါဝေဒနာရှင်များလည်း စားသုံးနိုင်သည်။ သွေးပေါင်ချိန်ရုတ်တရက်မြင့်တက်ခြင်းကို ကာကွယ်ပေးသည်. . ."

### ကညွတ်တွင်ပါဝင်သော သတ္တုဓာတ်များနှင့် ပျောက်ကင်းနိုင်သောရောဂါများ

ကညွတ်တွင်ပါဝင်သော သတ္တုဓာတ်များသည် ခန္ဓာကိုယ်ကျန်းမာရေးအတွက် အရေးကြီးသည်။ ခန္ဓာကိုယ်အတွက်လိုအပ်သော သတ္တုဓာတ်များကို ကညွတ်မှရရှိနိုင်သည်။ ကယ်လ်စီယမ်ပါဝင်သောကြောင့် အရိုးနှင့်သွားတည်ဆောက်ပုံမာကျောမှုကို အထောက်အကူပြုသည်။ ကညွတ်တွင်ပါဝင်သော ကယ်လ်စီယမ်သည် အင်ဆူလင်စွန့်ထုတ်မှုကိုထိန်းညှိသော ပန်ကရိယဆဲလ်များအပေါ် တိုက်ရိုက်အာနိသင်ရှိသည်။ ဖော့စဖရပ်ပါဝင်မှုကြောင့် ကြွက်သားများကျုံ့နိုင်ဆန့်နိုင်ပြီး နှလုံးခုန်နှုန်းနှင့် နာဗ့်ကြောတို့ကို ထိန်းသိမ်းပေးသည်။ ကညွတ်တွင် ပိုတက်ဆီယမ်အများဆုံးပါဝင်သည်။ ပိုတက်ဆီယမ်သည် ကိုယ်တွင်းကျောက်ကပ်လုပ်ဆောင်မှုနှင့်နှလုံးခုန်နှုန်းကို ထိန်းသိမ်းပေးသောဆဲလ်နှင့် ကိုယ်တွင်းအရည်များကို ထိန်းညှိပေးသည်။ သွေးဖိအားကိုလျှော့ကျစေပြီး သွေးတိုးခြင်းမှကာကွယ်ပေးသည်။ သွေးဖိအားနှင့်ပတ်သက်သောအာနိသင်များရှိသည့် မဂ္ဂနီဆီယမ်ပါဝင်မှုကြောင့် သွေးတိုးကိုထိန်းနိုင်ပြီး ကယ်လ်စီယမ်နှင့် ရှတင်ဓာတ်ကြောင့်လည်း ပိုအကျိုးရှိစေသည်။ ကော့ပါးဓာတ်သည် တွယ်ဆက်တစ်သျှူးများကို ပြန်လည်ကောင်းမွန်စေသည့်အတွက် နာကျင်မှု၊ တောင့်တင်းမှုများကို သက်သာစေနိုင်သည်။ အမျိုးသမီးများ ဓမ္မတာလာချိန်တွင် ဖြစ်တတ်သောဝေဒနာများ၊ ကိုက်ခဲခြင်း၊ သွေးဆင်းများခြင်းတို့ကို သက်သာစေသည်။

### ကညွတ်၏ အစွမ်းသတ္တိများ

ကညွတ်တွင် ဗီတာမင်- A ကြွယ်ဝစွာပါဝင်နေသည့်အတွက် မျက်စိကျန်းမာရေးကိုကောင်းမွန်စေပြီး အတွင်းတိမ်ဖြစ်ခြင်းကို သက်သာစေသည်။ အမြင်အာရုံတွင် အမည်းစက်၊ အမည်းပြောက်များမြင်ခြင်းမှ သက်သာစေသည်။ ဆီးချိုရောဂါကို ကာကွယ်ပေးနိုင်သည့်အပြင် သွေးချိုရောဂါဝေဒနာရှင်များလည်း စားသုံးနိုင်သည်။ သွေးပေါင်ချိန်ရုတ်တရက်မြင့်တက်ခြင်းကို ကာကွယ်ပေးသည်။ ကညွတ်သည် အသည်းထဲရှိ အဆိပ်ကိုထုတ်ပေးနိုင်သည့်အတွက် အရက်ကိုကြာရှည်သောက်သုံးသူများ ကညွတ်ကို ပုံမှန်စားပေးသင့်သည်။ အရက်အလွန်အကျွံသောက်၍ မအီမသာဖြစ်ပါက သက်သာစေနိုင်သည်ဟု သုတေသီများက ဆိုထားသည်။ ဗီတာမင်- K ကောင်းစွာပါဝင်သောကြောင့် အရိုးနှင့်ပတ်သက်သောရောဂါများအတွက် အစွမ်းထက်သည်။ အရိုးသိပ်သည်းမှု ပိုကောင်းစေသည်။ ဗီတာမင်- K သည် ကယ်လ်စီယမ်စုပ်ယူမှုကို ပိုအားကောင်းစေသောကြောင့် အရိုးပွရောဂါနှင့်အရိုးကျိုးအက်မှုရောဂါများကို ကာကွယ်ပေးနိုင်သည်။

ကညွတ်တွင် Asparagine ခေါ်သည့် အမိုင်နိုအက်စစ်ပါဝင်သောကြောင့် ဆီးရွှင်ဆေးအဖြစ်သုံးသည်။ ဒူလာပါဒရက်၊ လေးဖက်နာ၊ ဖောရောင်ခြင်းတို့အတွက်လည်း အစွမ်းထက်သည်။ ဆီးပူ၊ ဆီးအောင့်နှင့် သည်းခြေရောဂါများအတွက် အပင်အမြစ်ရည်ကို ပျားရည်၊ နွားနို့တို့ဖြင့်ရောသောက်ပါက သက်သာပျောက်ကင်းစေသည်။ သုတေသီများ၏အဆိုအရ အစာခြေစနစ်ကိုကောင်းမွန်စေကာ ဝမ်းဗိုက်အဆီကျစေသဖြင့် ကိုယ်အလေးချိန်လျှော့လိုသူများ စားသင့်သည်။

ကညွတ်သည် Glutathione ဓာတ်ပေါင်းကြွယ်ဝပြီး အစွမ်းထက်သော ဓာတ်တိုးဆန့်ကျင်မှုကိုဖြစ်စေ၍ ကိုယ်ခံအားကို ပိုမိုတိုးတက်ကောင်းမွန်စေသည်။ နေလောင်ခြင်းနှင့်အသက်ကြီးလာ၍ အသားအရေညစ်ခြင်းတို့ဖြစ်စေသော အရေပြားဆိုင်ရာပြဿနာများကို ကာကွယ်ပေးသည်။ ရောင်ရမ်းမှုကိုလျော့ကျစေပြီး အသည်းကျန်းမာရေးကို ကောင်းမွန်စေသည်။ ထို့ပြင် ကညွတ်သည် အဆိပ်အတောက်ကိုဖယ်ရှားပေးပြီး ကင်ဆာဖြစ်စေတတ်သော ဒြပ်ပေါင်းများနှင့် တခြားအန္တရာယ်ဖြစ်စေတတ်သော ဖရီးရယ်ဒီကယ်ကဲ့သို့ ဒြပ်ပေါင်းများကို ပြိုကွဲစေသည်။ ကညွတ်ကိုစားသုံးခြင်းဖြင့် အရိုးကင်ဆာ၊ ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ၊ လည်မျိုကင်ဆာနှင့်အဆုတ်ကင်ဆာတို့ကို ဆန့်ကျင်တိုက်ခိုက်နိုင်သည်။ ကညွတ်သည် အိုမင်းရင့်ရော်မှုကို နှေးကွေးစေသည့်အပြင် ခရမ်းလွန်ရောင်ခြည် သို့မဟုတ် ပြင်ပလေထုညစ်ညမ်းမှုကြောင့်ဖြစ်တတ်သော အရေပြားရောင်ရမ်းမှုကို ကာကွယ်ပေးသည်။ ကညွတ်တွင် Thiocyanin ဓာတ် ပြည့်ဝစွာပါဝင်မှုကြောင့် အရေပြားထဲရှိ အဆိပ်အတောက်များကို လျှော့ပါးစေပြီး နေလောင်ဒဏ်ကို ကာကွယ်ပေးသည်။

### ကညွတ်နှင့်ဓာတ်မတည့်သူများ

ကညွတ်သည် ကယ်လိုရီအလွန်နည်းသည်။ ကညွတ် ၁၀၀ ဂရမ်တွင် ကယ်လိုရီ ၂၀ ခန့်သာပါသည်။ အမျှင်ဓာတ်အရင်းအမြစ်ဖြစ်သော ကညွတ်ကိုစားသုံးခြင်းဖြင့် အစာကြေ၊ လေကြေစေပြီး ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားစေသည်။ ဆီးစွန့်ရာတွင် နာကျင်သည့် ဆီးအိတ်ရောင်ရောဂါနှင့် အဆစ်ရောင်ရောဂါရှိသူများသည် ကညွတ်စားသုံးရန်မသင့်လျော်ပေ။ ကညွတ်သည် မတူညီသောအခြေအနေ၊ အမျိုးအစားနှင့် စိုက်ပျိုးမှုအနေအထားတို့ပေါ်မူတည်၍ တချို့လူနှင့်တိရစ္ဆာန်များကို အန္တရာယ်ဖြစ်စေသည်။ ကညွတ်နုနုကိုအစိမ်းစားပါက လူကိုအဆိပ်အတောက်ဖြစ်စေသည်။ အဆိပ်ရှိ၍ စားနိုင်သောအစိတ်အပိုင်းသည် ချက်ပြုတ်မှသာ အဆိပ်ကိုပျောက်ကွယ်စေနိုင်သည်။

### အရွယ်တင်နုပျိုစေခြင်း

ရှေးယခင်ကတည်းက ကညွတ်ရိုးကို အူမကြီးနှင့်ပတ်သက်၍ ခံစားရသောရောဂါများတွင် ဆေးအဖြစ်သုံးခဲ့ကြသည်။ Lutein၊ Zeaxanthin၊ Carotene နှင့် Cryptoxanthin တို့ကဲ့သို့သော ဓာတ်တိုးဆန့်ကျင်မှုကို ကောင်းစွာကာကွယ်နိုင်သော အရင်းအမြစ်များပါဝင်သည်။ အင်ဆူလင် ခေါ် ကစီဓာတ်တစ်မျိုးပါရှိနေသောကြောင့် ဝမ်းမချုပ်စေဘဲ အူကိုသန့်စင်စေကာ အူမကြီးကင်ဆာဖြစ်ခြင်းမှ ကာကွယ်ပေးသည်။ ကညွတ်ထဲရှိ Glumatic၊ Glycine၊ Cysteine ဟူသော အစွမ်းထက်မြက်သည့် အမိုင်နိုအက်စစ်ပါရှိသည့်အတွက် အရွယ်တင်နုပျိုစေသည်။ ကညွတ်သည် သဘာဝဆီးဆေးဖြစ်သောကြောင့် သွေးတွင်းအချိုဓာတ်ကိုထိန်းညှိပေးပြီး အရွယ်တင်နုပျိုစေသည်။

### ဆီးလမ်းကြောင်းပိုးဝင်ခြင်းကို သက်သာပျောက်ကင်းစေခြင်း

ကညွတ်သည် ဆီးရွှင်စေပြီး ခန္ဓာကိုယ်ထဲတွင် Lithium များစေနိုင်သောကြောင့် အလွန်အကျွံစားသုံးသောအခါ Lithium များခြင်း၏ ဆိုးကျိုးများရှိလာစေနိုင်သည်။ စားသုံးမှုလွန်ကဲလျှင် သန္ဓေသား၏ဖွံ့ဖြိုးမှုကိုထိခိုက်စေပြီး မိခင်နို့ကိုပါ အဆိပ်အတောက်ဖြစ်စေနိုင်သောကြောင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အလွန်အကျွံမစားသင့်ပေ။ ခန္ဓာကိုယ်ထဲမှ ရေများကို ထုတ်ပယ်ပေးပြီး မလိုသောအငန်ဓာတ်နှင့် အရည်ဓာတ်ပါဝင်မှုကို လျော့နည်းစေသည်။ သွေးတိုးရောဂါ သို့မဟုတ် ခန္ဓာကိုယ်တစ်သျှူးများတွင် ရေစုနေတတ်သော Edema ရောဂါခံစားနေရသူများအတွက် အကျိုးပြုပေးနိုင်သောဓာတ်စာဖြစ်သည်။ ဆီးလမ်းကြောင်းပိုးဝင်ခြင်းကို သက်သာပျောက်ကင်းစေနိုင်သော အာနိသင်ရှိပေသည်။

### ကညွတ်၏ကောင်းကျိုးများ

ကညွတ်တွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်သောကြောင့် ကင်ဆာရောဂါကိုကာကွယ်ခြင်း၊ အရွယ်တင်ခြင်း၊ အဆိပ်အတောက်များဖယ်ရှားပေးခြင်း၊ ရောင်ရမ်းခြင်း၊ ဆီးချိုရောဂါနှင့် နှလုံးကျန်းမာရေးတို့အတွက်သင့်လျော်သည်။ အမျိုးသမီးများ ဟော်မုန်းမညီညွတ်ခြင်း၊ ကျောက်ကပ်နှင့်သည်းခြေတို့တွင် ကျောက်တည်ခြင်း၊ အစာအိမ်နှင့်အူလမ်းကြောင်း၌ လေပွခြင်း၊ နာတာရှည်အဆုတ်တီဘီကဲ့သို့သော မြစ်ခြောက်နာ၊ ကိုယ်ခံအားနည်းရောဂါ၊ အရည်ဝမ်းလျှောခြင်း၊ အာရုံကြောနာကျင်ခြင်း၊ ဆီးလမ်းကြောင်းပိုးဝင်ခြင်း၊ လေးဖက်နာရောဂါများအတွက် စားသုံးနိုင်သည်။ တချို့တွင် ကညွတ်ကို အနာစိမ်း၊ အနာခြောက်၊ တင်းတိပ်တို့တွင် ပွတ်လိမ်းပေးနိုင်သော အကျိုးကျေးဇူးများရရှိစေသည်။ ကညွတ်တွင် ကောင်းကျိုးများရှိသကဲ့သို့ ဆိုးကျိုးများလည်း ရှိသည်။

### ချင့်ချိန်စားသုံးသင့်

ကညွတ်တွင်ပါဝင်သော Oxalic Acid ဓာတ်ပေါင်းကြောင့် ဆီးအနံ့ပြောင်းခြင်း၊ ဓာတ်မတည့်သည့်သူများတွင် ခြေဖျား၊ လက်ဖျားများရောင်ရမ်းခြင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ ဟော်မုန်းကို ထိန်းစေတတ်ခြင်းတို့ကြောင့် အစားအစာပမာဏတစ်ခုအနေဖြင့်သာ စားသုံးသင့်သည်။ ကညွတ်စားသုံးခြင်းဖြင့် သွေးထဲရှိ Uric Acid ကို ထုတ်ပေးတတ်သောကြောင့် အရိုးအဆစ်ရောင်ရမ်းနာတစ်မျိုးဖြစ်သော ဂေါက်ရောဂါအခံရှိသူများအနေဖြင့် ချင့်ချိန်စားသုံးသင့်သည်။ တချို့သောသူများတွင် ဓာတ်မတည့်မှုကြောင့် အနည်းငယ်စားရုံဖြင့် ဒုက္ခရောက်တတ်သည်။ ဓာတ်မတည့်မှုလက္ခဏာရှိပါက အရေပြားနှင့်မျက်စိတွင် ယားယံနီရဲစေနိုင်ပြီး ဗိုက်အောင့်၊ ဗိုက်နာဖြစ်တတ်သည်။ ကညွတ်နှင့် ဓာတ်မတည့်မှုပြင်းထန်လျှင် နှာပိတ်ခြင်း၊ ဖောရောင်ခြင်း၊ ချွဲကျပ်ခြင်း၊ ပန်းနာ၊ ဝမ်းလျှောခြင်း၊ ခေါင်းမူးခြင်းတို့ဖြစ်လာနိုင်ကြောင်း အကြံပြုရေးသားလိုက်ပါသည်။

ဒေါက်တာလပြည့်ခင်

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းဖွင့်လှစ်



ဘုတ်ပြင်း ဩဂုတ် ၁၃

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်ရည်ရွယ်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၂ ရက်က အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းဦးနှင့် ဘုတ်ပြင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးရဲလင်းဦးတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များ၊ သင်တန်းတွင် သင်ကြားမည့်ကဏ္ဍများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ဆပ်ပြာမျိုးစုံ၊ ခေါင်းလျှော်ရည်နှင့် ဖယောင်းတိုင်ထုတ်လုပ်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့

## ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဖွင့်လှစ်



လှိုင်ကော် ဩဂုတ် ၁၃

ကယားပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး၍ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ကြီးကြပ်ဆောင်ရွက်သည့် ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၂ ရက်မွန်းလွဲပိုင်းတွင် လှိုင်ကော်ပညာရေးဒီဂရီကောလိပ် ကယားသဇင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မျိုးတင်က ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်များ ရှေးဦးပြုစုခြင်း၏ အရေးပါပုံကို သိရှိပြီး ရှေးဦးပြုစုခြင်းအတတ်ပညာဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ နာမကျန်းဖြစ်သူများကို ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများထံသို့မရောက်မီ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများသက်သာစေရန် ရှေးဦးဆောင်ရွက်သည့် အတတ်ပညာဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းအတွက် ရှေးဦးပြုစုခြင်းစာအုပ်နှင့် First Aid Kit များအတွက် ပံ့ပိုးငွေများပေးအပ်ရာ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက လက်ခံရယူပြီး သင်တန်းဖွင့်လှစ်ရခြင်း၊ ပို့ချမည့်ဘာသာရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးပြီး သင်တန်းသား၊ သင်တန်းသူများက အသက်ရှူအားကူနည်း (CPR)များ လက်တွေ့သရုပ်ပြသနေခြင်း၊ ဦးခေါင်း၊ ထိခိုက်ဒဏ်ရာနှင့် အရိုးကျိုးဒဏ်ရာများအတွက် ပတ်တီးစည်းနည်းသရုပ်ပြသခြင်းကို ကြည့်ရှုအားပေးပြီး ခင်းကျင်းပြသထားသည့် ကြက်ခြေနီပြခန်းကို လှည့်လည်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အသိပညာပေးလက်ကမ်းစာစောင်များနှင့် အမှတ်တရလက်ဆောင်များ ဖြန့်ဝေပေးသည်။ အဆိုပါ သင်တန်းကို လှိုင်ကော်ပညာရေးဒီဂရီကောလိပ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် အခြေခံပညာကျောင်းခုနစ်ကျောင်းတို့မှ ကျောင်းသား၊ကျောင်းသူ ၄၄၇ ဦးအား သင်တန်း ၁၀ ကြိမ်ခွဲ၍ ပို့ချသင်ကြားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၈-၂၀၂၅(ကြာသပတေးနေ့)

| | |
|---|---|
| ၁။ ၀၆:၀၃ တရားတော် | ၈။ ၁၄:၀၀ ပန်းပေါင်းစုံစွာအနုပညာ |
| ၂။ ၀၈:၀၀ မောင်မယ်လေးများ သိစေချင် | ၉။ ၁၅:၀၀ ဇာတ်လမ်းတို |
| ၃။ ၀၉:၀၀ ရင်မှာစွဲလမ်း တော်ဝင်ပန်း | ၁၀။ ၁၇:၀၀ လူသားနှင့် ဆိုက်ဘာအန္တရာယ် |
| ၄။ ၁၀:၀၀ သာယာသီကြွေး ခေတ်ဆန်းတေး | ၁၁။ ကျင့်ကြံပွားများ လိုက်နာစရာ (၃၈)ဖြာမင်္ဂလာ |
| ၅။ ၁၁:၀၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ | ၁၂။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု | ၁၃။ ၁၈:၄၀ ပြည်သူ့ကြားက ပြည်သူ့စကား |
| ၇။ ၁၃:၀၀ ဝေမျှဆွေးနွေး လူငယ့်အရေး | ၁၄။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြား သတင်း |

## အမှောင်လမ်းမှ အလင်းတန်းဆီသို့

✿ မသိ၍မှား၊ သိ၍မှားလည်း
အမှားဟူသည်၊ အချိန်မီစွာ
တိုင်းပြည်အတွက်
ကောင်းကျိုးထွက်အောင်
ရွက်ဆောင်ကြိုးပမ်း၊ ပါဝင်လှမ်းလျှင်
ဝမ်းသာအားရ၊ ကြိုဆိုကြသည်
မိဘမေတ္တာ၊ ထားသည့်ပမာ။
နိုင်ငံတော်က ကြိုလျက်ပါ။

✿ တပ်မတော်ကား၊ မြတ်စိတ်ထားဖြင့်
ကျောသားရင်သား၊ မခွဲခြားဘဲ
လမ်းမှားမှသည်၊ လမ်းမှန်ဆီသို့
ပြန်လည်ရောက်လာ၊ သူငါအများ
စိတ်ထားဖြူစွာ၊ ညီရင်းပမာ။
လမ်းမှန်ရောက်လာ ပီတိဖြာ။

✿ တွေးခေါ်လွဲမှား၊ အမှောင်ကြားမှာ
နေသားရှည်ကြာ၊ တွေ့ကြုံလာသော်
ဘယ်ဟာအမှား၊ ဘယ်ကားအမှန်
ဆင်ခြင်ဉာဏ်တွင်၊ တွေးဆမြင်ကာ
ပူပင်သောက၊ ကင်းဝေးကြပြီ
မိဘဆွေမျိုး၊ စိတ်မညှိုးအောင်
ရိုးသားပြုပြင်၊ အေးရိပ်ခွင်။
အမှားကိုမြင် အမှန်ပြင်။

✿ အမှောင်မှအလင်း၊ လျှောက်လှမ်းခြင်းတွင်
မှားယွင်းသည့်အဖြစ်၊ နောက်ကျန်ရစ်ပြီ
ချစ်ခြင်းပျူငှာ၊ ကြိုလျက်သာမို့
ဝင်လာမစဲ၊ တသဲသဲနှင့်
ရိပ်ထဲရောက်လာ၊ အေးမြသာ၍
ခုခါရွှင်ပြုံး ပျော်မဆုံး။

✿ အမှားကိုမြင်၊ အမှန်ပြင်၍
တွေးမြင်မှန်စွာ၊ အလင်းရွာသို့
ညီညာလျှောက်လှမ်း၊ ပန်းခင်းလမ်းဝယ်
ရည်မှန်းချက်ခိုင်၊ ဆုံးဖြတ်ပိုင်လျက်
နိုင်ငံအတွက်၊ အားတစ်လက်မို့
ကြိုလျက်နေပြီ ရှိပေသည်။

✿ သြော်...
လူငယ်တို့ကား၊ ပြည့်အင်အားမို့
အမှားကိုဖယ်၊ ပြည့်ဂုဏ်ကြွယ်အောင်
တင့်တယ်လှပ၊ ဝင်လာကြလျှင်
မိဘမျိုးဆွေ၊ ဝမ်းသာနေသည်
ကျန်နေသူများ၊ သိတရားဖြင့်
လမ်းမှားမှသည်၊ လမ်းမှန်ဆီသို့
ကြည်သာရွှင်လန်း၊ လျှောက်ကာလှမ်းသော်
ငြိမ်းချမ်းဝေစည် တို့တိုင်းပြည်။
လက်တွဲညီညီ ပန်းတိုင်ဆီ။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

## ဆေးဝါးရောင်းချရာတွင်လိုက်နာရမည့်အချက်များနှင့်ပတ်သက်၍ အသိပညာပေးဟောပြော

ပေါင်းတည် ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ ပေါင်းတည်မြို့ ပြည်သူ့ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ဩဂုတ်လ ၁၂ ရက် မွန်းလွဲပိုင်းတွင် ဆေးဝါးလက်လီလက်ကားဖြန့်ဖြူးရောင်းချသူများအား ဆေးဝါးရောင်းချရာတွင်လိုက်နာရမည့်အချက်များနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်မေသန်းနိုင်က အမျိုးသားဆေးဝါးဥပဒေ၊ အထူးထိန်းချုပ်ဆေးဝါးများ၊ ကောင်းမွန်သောဆေးဝါးရောင်းချမှုကျင့်စဉ်၊ ကောင်းမွန်သောဆေးဝါးသိုလှောင်မှုကျင့်စဉ်တို့ကို ဆေးဝါးရောင်းချသည့်လုပ်ငန်းရှင်များ အသိပညာရရှိစေရန် ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ဆေးဆိုင်လုပ်ငန်းရှင်များက ဆေးဝါးရောင်းချရာတွင် လိုက်နာရမည့်အချက်များနှင့်ပတ်သက်၍ သိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။



အဆိုပါ ဟောပြောပွဲသို့ ပေါင်းတည်မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းသန်းချစ်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ဆေးဆိုင်ပိုင်ရှင်များနှင့် ကြီးကြပ်သူများ တက်ရောက်ကြကြောင်းသိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

## MWD Variety Channel

၁၄-၈-၂၀၂၅(ကြာသပတေးနေ့)

| | |
|---|---|
| ၁။ ၁၀:၂၅ ဖန်တီးသူတို့အနုပညာ | ၃။ ၁၂:၂၀ Variety Choice |
| ၂။ ၁၁:၄၅ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများမြှင့်တင်စို့ | ၄။ ၁၇:၄၅ အားကစားနည်း သမိုင်းကြောင်း |

# ငဖဲမြို့နယ်၌ မိုးစပါး ၇၃၃၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

ငဖဲ ဩဂုတ် ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ဒေသတွင်း ဆန်စပါးဖူလုံစေရေးအတွက် မိုးစပါး ဧက ၁၀၂၀၀ လျာထားစိုက်ပျိုးလျက်ရှိရာ လက်ရှိအချိန်ထိ ၇၃၃၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ သိရသည်။

လက်ရှိစိုက်ပျိုးပြီးစီးသည့်စပါးစိုက်ဧကမှာ မနောသုခ ၂၆၈ ဧက၊ ဆင်းသုခ ၁၉၈၆ ဧက၊ အောင်နိုင်တိုး ၃၂ ဧက၊ ရောမင်း ၂၅၁၁ ဧက၊ ကောက်ညှင်း ၈၂ ဧကနှင့် တောင်ယာ ၄၅၅ ဧက စုစုပေါင်း ၇၃၃၄ ဧကဖြစ်ပြီး ဒေသခံတောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်သည့်စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးကြကာ လျာထားချက်ပြည့်မီကျော်လွန်ရေး ဆက်လက်စိုက်ပျိုးလျက်ရှိသည်။ ပြီးခဲ့သည့်နှစ်က မိုးစပါးကိုလျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပြီး ရိတ်သိမ်းဧက ၁၀၂၀၀ တွင် တစ်ဧကအထွက်နှုန်း ၈၄ ဒသမ ၅၁ တင်းထွက်ရှိခဲ့ကြောင်း၊ မိုးစပါးစိုက်ပျိုးရန်ရေကို မန်းချောင်းရေလှောင်တမံဆည်မှ ၃၂၀၆ ဧက၊ ရင်းရှည်ရေလှောင်တမံဆည်မှ ၅၄၂ ဧက၊ ဆည်ငယ်၊ ကန်ငယ်များမှ ၄၇၅၁ ဧက၊ မိုးကောင်းသောက် ၁၂၆ ဧကနှင့် တောင်ယာစိုက်ဧက ၄၇၅ ဧက စုစုပေါင်းဧက ၁၀၂၀၀ စိုက်ပျိုးနိုင်ရန်လျာထားပြီး လျာထားချက်ပြည့်မီရေးအတွက် ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ငဖဲမြို့နယ်အတွင်းရှိဒေသခံတောင်သူများ မိုးစပါးစိုက်ပျိုးရာသီတွင် အထွက်နှုန်းကောင်းမွန်သော စပါးမျိုးများရွေးချယ်စိုက်ပျိုးရေး၊ သီးနှံများအောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သောစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ သွင်းအားစုပစ္စည်းများ၊  သီးနှံမျိုးစေ့များ ပံ့ပိုးပေးခြင်းအပြင် ပိုးမွှားရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးဆိုင်ရာနည်းလမ်းများကိုလည်း သက်ဆိုင်ရာဌာနများမှ ကွင်းဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မယု(ငဖဲ)**

# ကျောက်ဆည်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး လူငယ်စကားဝိုင်းဆွေးနွေး



ကျောက်ဆည် ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများနှင့် ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၁၃ ရက်တွင် ကျောက်ဆည်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးကိုယ်စား အထက်တန်းပြဆရာမဒေါ်ပုလဲဝါက အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ Grade-11 နှင့် Grade-10 ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည့် မောင်ထူးပြည့်သန့်က လူငယ်နှင့်ကျန်းမာရေး၊ မရွှေပိုးအိက လူငယ်နှင့်ပညာရေး၊ မအိကြယ်စင်ဖြိုးက လူငယ်နှင့်စာဖတ်ခြင်း၊ မနှင်းပွင့်အေးက စာပေကျေးဇူးခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြသည်။ ယင်းနောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းကြပြီး အမှတ်တရလက်ဆောင်များပေးအပ်ကာ စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ မိုးခေါင်ရေရှားဘေးနှင့် ဆူနာမီအကြောင်း အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ကျွန်းလှမြို့နယ်၌ မိုးမြေပဲစံကွက်နုတ်သိမ်းရာ တစ်ဧကလျှင် မြေပဲအစို ၇၂ တင်းကျော်ထွက်ရှိ

ကျွန်းလှ ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးမြေပဲစံကွက်နုတ်သိမ်းပွဲကို ဩဂုတ်လ ၁၂ ရက်က မန်ကျည်းအင်းကျေးရွာ ကွင်းအမှတ် (၂၉၄) တောင်သူ ဦးတင်ဌေးဝင်း၏ မကွေး (၁၆) မြေပဲစိုက်ခင်းသုံးဧက၌ ဆောင်ရွက်သည်။

အဆိုပါ စံကွက်နုတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီနှင့်ဝန်ထမ်းများ၊ ဒေသခံတောင်သူများ ပူးပေါင်းပြီး မြေပဲစိုက်ခင်းအတွင်း ၆ ဒသမ ၆ ပေပတ်လည် စံကွက် နုတ်သိမ်းရာ တစ်ဧကလျှင် မြေပဲအစို ၇၂ တင်းကျော်ထွက်ရှိသည်။

"ဒီနှစ် မိုးရာသီမှာ မျိုးစေ့ထုတ်ကွက်အဖြစ် မကွေး (၁၆) မြေပဲမျိုးသုံးဧက စိုက်ပျိုးခဲ့ပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကင်းစင်ရေး၊ သဘာဝမြေဩဇာနဲ့ ဓာတ်မြေဩဇာ အချိုးကျရောစပ်ပြီး အချိန်ကိုက်သုံးစွဲတတ်စေရေးအပြင် ရိတ်သိမ်းချိန်လွန်နည်းပညာတွေကို ကွင်းဆင်းအသိပညာပေးပါတယ်။ ဒီနှစ်က အထွက်နှုန်းကောင်းပြီး အခုထွက်ရှိတဲ့ မြေပဲမျိုးကိုလည်း ဒေသခံတောင်သူတွေကို ပြန်လည်ဖြန့်ဖြူးပေးဖို့ စီစဉ်ထားပါတယ်" ဟု မြေပဲစိုက်တောင်သူ ဦးတင်ဌေးဝင်းကပြောသည်။

ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံအဖြစ် မြေပဲကို အဓိကစိုက်ပျိုးကြပြီး ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၇၂၄၅ ဧက၊ နှမ်း ၁၂ ဧက၊ နေကြာ ၅၁ ဧက စုစုပေါင်း ၇၃၀၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းများကို လေ့လာကြည့်ပါက မြေပဲတစ်ဧကလျှင် တင်း ၇၀၊ နှမ်းတစ်ဧကလျှင် တင်း ၂၀ နှင့် နေကြာတစ်ဧကလျှင် တင်း ၅၀ ထွက်ရှိရန်ဖြစ်သည်။ နှစ်စဉ် ပြည်ပမှ စားအုန်းဆီများ ဝယ်ယူတင်သွင်းနေရခြင်းကြောင့် နိုင်ငံစီးပွားရေးတိုးတက်မှုကို ထိခိုက်စေသဖြင့် နိုင်ငံအတွင်း ဆီထွက်သီးနှံများ ပိုမိုအောင်မြင်စွာထုတ်လုပ်ရန် လိုအပ်သည်။ အထူးသဖြင့် နိုင်ငံတော်မှသတ်မှတ်ထားသော ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးခြင်းဖြင့် ပြည်တွင်းစားသုံးဆီဖူလုံစေမည့်အပြင် ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်သောကြောင့် နိုင်ငံခြားဝင်ငွေရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

သထုံ ဩဂုတ် ၁၃

မွန်ပြည်နယ် သထုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဩဂုတ်လ ၁၂ ရက်က သထုံမြို့ အောက်ကျင်းရပ်ကွက်ရှိ ကန်ညီနောင်အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးသိန်းက အမှာစကားပြောကြားပြီး သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ကျောင်းစာကိုကြိုးစားကြသကဲ့သို့ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးသည်။



ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများအသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့်အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများနှင့် ဂုဏ်ထူးရရှိသူများအား ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်




နေပြည်တော် ဩဂုတ် ၁၃

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများနှင့် ဂုဏ်ထူးရရှိသူများ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှတာဝန်ရှိသူများ၊ ဆုရကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင်ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် တက္ကသိုလ်များရှိဝန်ထမ်းသားသမီးများမှ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ၁၅၇ ဦးရှိပြီး အောင်မြင်သူ ၁၀၂ ဦး ရှိသည့်အတွက် ၆၅ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း၊ ၅ ဘာသာဂုဏ်ထူးရရှိသူ နှစ်ဦး၊ ၄ ဘာသာဂုဏ်ထူးရရှိသူ ငါးဦး၊ ၃ ဘာသာဂုဏ်ထူးရရှိသူ ၁၅ ဦး၊ ၂ ဘာသာဂုဏ်ထူးရရှိသူ ရှစ်ဦး၊ ၁ ဘာသာဂုဏ်ထူးရရှိသူ ၁၀ ဦး စုစုပေါင်းဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၄၀ ဦး၊ ရိုးရိုးအောင်မြင်သူ ၆၂ ဦး ဖြစ်ကြောင်း၊ ဂုဏ်ထူး ၁ ဘာသာလျှင် ငွေကျပ်တစ်သိန်းနှုန်းနှင့် ရိုးရိုးအောင်မြင်သူ တစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၃၂ သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ယနေ့အခမ်းအနားတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးခြင်းသည် ဘဝအတွက် ပညာရေးအချိုးအကွေ့တစ်ခုသာဖြစ်ပြီး တက္ကသိုလ်ပညာ၊ အသက်မွေးဝမ်းကျောင်းတက္ကသိုလ် ပညာများကို မိမိတို့ရရှိသည့်အမှတ်၊ မိမိတို့ဝါသနာပါရာကို စိစစ်ရွေးချယ်ပြီး ဆက်လက်ပညာသင်ယူဆည်းပူးကြရမည်ဖြစ်ကြောင်း၊ ဆုရရှိသည့် သားသမီးများအနေဖြင့်လည်း အနာဂတ်တွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရသော ပညာတတ်လူငယ်လူရွယ်များ ဖြစ်လာစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကျရာကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲကို ရိုးရိုးအောင်မြင်သူများနှင့် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူပြီး ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၃

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Leapmotor C11(Standard) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Premier Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Geely Geometry E အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များနှင့် G-Energy Plus Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng (Aeolus) SKY EV 01 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။



မြဝတီ

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းများ၏သားသမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကျင်းပ




နေပြည်တော် ဩဂုတ် ၁၃

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏သားသမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တက္ကသိုလ်များနယ်မြေ (ရေဆင်း)ရှိ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ တာဝန်ရှိသူများ၊ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် မျိုးဆက်သစ်လူငယ်များ၏အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ နိုင်ငံအတွက် ထူးချွန်သောလူငယ်များစွာပေါ်ထွန်းလာစေရေးအတွက်ကြိုးစားအားထုတ်မှုကို ယခုကဲ့သို့ အသိအမှတ်ပြုဂုဏ်ပြုခြင်းဖြစ်ကြောင်း၊ ယခုအောင်မြင်မှုများကိုအခြေခံပြီး ဆက်လက်ကြိုးစားလေ့လာကြရန်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကောင်းကျိုးဆိုးကျိုးများကို ပညာဖြင့်သိမြင်ပြီး အမှားအမှန် ချင့်ချိန်ခွဲခြားအသုံးချတတ်ရန်၊ ကိုယ်ကျင့်တရားကောင်းမွန်ပြီး နိုင်ငံတော်က အားကိုးအားထား ပြုထိုက်သူများဖြစ်အောင် ကြိုးပမ်းကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ၅ ဘာသာဂုဏ်ထူးရှင်၊ ၄ ဘာသာဂုဏ်ထူးရှင်နှင့် ၃ ဘာသာဂုဏ်ထူးရှင်များကို ဂုဏ်ပြုလက်မှတ်၊ ဂုဏ်ပြုဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့် ၅ ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် ၃၀ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၂၇ ဦး၊ ၁ ဘာသာဂုဏ်ထူးရှင် ၄၄ ဦး အပါအဝင် စုစုပေါင်းအောင်မြင်သူ ၃၅၈ ဦး ဖြစ်ပြီး အောင်ချက်ရာခိုင်နှုန်း ၆၀ ဖြစ်ကြောင်း သိရသည်။

မြဝတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၈-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၄၀ | ၃၀၅၅ | ၃၀၂၀ | ၂၉၅၅ | ၃၀၆၀ | ၃၀၇၅ | ၃၀၉၅ | ၃၀၀၀ | ၄၅၀၅ | ၃၃၀၅ | ၃၀၃၀ | ၃၀၃၀ | ၃၀၀၀ | ၃၀၆၅ | ၃၀၈၅ | ၃၃၄၅ |
| 95 Ron | ၂၉၉၅ | ၃၁၀၀ | ၃၀၇၅ | ၃၀၁၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၅၀ | ၃၀၆၅ | ၄၅၆၀ | ၃၃၆၀ | ၃၀၈၅ | ၃၀၈၅ | ၃၁၅၅ | ၃၁၂၀ | ၃၁၄၀ | ၃၄၀၀ |
| HSD (500 ppm) | ၂၇၁၅ | ၂၈၂၅ | ၂၇၉၅ | ၂၇၃၀ | ၂၈၃၅ | ၂၈၅၀ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၈၀ | ၂၈၀၀ | ၂၈၀၅ | ၂၈၇၅ | ၂၈၄၀ | ၂၈၆၀ | ၃၁၁၅ |
| HSD (50 ppm) | ၃၃၅၅ | ၃၄၆၅ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၅ | ၃၄၂၅ | ၄၈၃၀ | ၃၇၂၀ | ၃၄၄၀ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၅၅ |
| HSD (10 ppm) | ၃၃၅၅ | ၃၄၆၅ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၅ | ၃၄၂၅ | - | ၃၇၂၀ | ၃၄၄၀ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၅၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၇၃ | ၂၈၆၂ |
| 95 Ron | ၂၈၂၇ | ၂၉၁၇ |
| HSD (500 ppm) | ၂၅၅၃ | ၂၆၃၄ |
| HSD (50 ppm) | ၃၁၇၃ | ၃၂၆၆ |
| HSD (10 ppm) | ၃၁၇၃ | ၃၂၆၆ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၅)ကျင်းပ

**နေပြည်တော်   ဩဂုတ် ၁၃**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် "အရိန္ဒမာ"ခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက Video Conferencing ဖြင့် တက်ရောက်ခဲ့ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများအား နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများနှင့် ဇွန်လ ၁၄ ရက်တွင် ပထမအကြိမ်၊ ဇူလိုင်လ ၁၃ ရက်တွင် ဒုတိယအကြိမ် ကြိုတင်ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ **"ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ"**ကို ဇူလိုင်လ ၂၉ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ အဆိုပါ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီအား အဖွဲ့ဝင် ၁၄ ဦးဖြင့်ဖွဲ့စည်းခဲ့ပြီး ယနေ့တွင် ဗဟိုကော်မတီအစည်းအဝေးအား ပထမအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်အဆင့်နှင့်မြို့နယ်အဆင့်ထိပါ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီများအား အဆင့်အဆင့်ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များဖြစ်သည့် "လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးပြီး ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များအား လွှဲပြောင်းပေးအပ်နိုင်ရေး၊ မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး၊ လုံခြုံမှုအပြည့်အဝရှိသောရွေးကောက်ပွဲဖြစ်စေရေး" စသည်တို့ကို တာဝန်ရှိသူအဆင့်ဆင့်မှ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေးအတွက် အထူးအလေးထား လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီအဆင့်ဆင့်အနေဖြင့် ဥပဒေနှင့်အညီ အပ်နှင်းထားသည့်လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များအား သိရှိနားလည်ပြီး လုံခြုံရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် သက်ဆိုင်ရာဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်အောင်နိုင်သူက ဇူလိုင်လ ၂၉ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် **"ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ"**ကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်သက်နိုင်က အထွေထွေရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးဆောင်ရွက်မည့် လျာထားအစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် လုံခြုံရေးအစီအမံများအား ရှင်းလင်းတင်ပြကြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်တို့က ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြချက်များအပေါ် အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ဘားအံမြို့၌ သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သောလမ်းပိုင်းများပြန်လည်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

**ဘားအံ   ဩဂုတ် ၁၃**

ကရင်ပြည်နယ် ဘားအံမြို့တွင်ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုဖြစ်စဉ်များကြောင့် ဘားအံမြို့ အမှတ်(၈) ရပ်ကွက်တွင် သံလွင်မြစ်ကမ်းပါး အလျားပေ ၂၉၀၀ ခန့် ပြိုကျမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး Floating Structure များ အမြန်ဆုံးတည်ဆောက်ကာကွယ်ရန်၊ လာမည့်ရေနည်းရာသီတွင်စစ်ဆေး၍ ကမ်းထိန်းလုပ်ငန်းအစီအမံများရေးဆွဲတင်ပြရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါသံလွင်မြစ်ကမ်းပါးအနီး မွေးမြူရေးတောင်သူများ၏ ဒေသန္တား ၄၂ ကောင် တစ်နိုင်တစ်ပိုင်မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မေးမြန်းအားပေး၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အခမဲ့ချီးမြှင့်သော အာဟာရဆားခဲများကိုပေးအပ်ကာ ဘားအံမြို့နယ် လှိုင်ရွာ-ကော့သပုတ်-ကော့ဒါန်းမယ် -ကောထမ္မလိန်းလမ်း ရေကြီး၊ ရေတိုက်စားခြင်းကြောင့် လမ်းပခုံးနှင့်လမ်းတာပေါင် ထိခိုက်ပျက်စီးမှုကို ကျောက်ကြီးဖြည့်သဲကျပ်ခြင်း၊ ကျောက်စီနံရံပြုလုပ်ခြင်း၊ လမ်းပခုံးတုပ်ရိုက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ AK ကုမ္ပဏီမှ B.O.T စနစ်ဖြင့်ဆောင်ရွက်သော သထုံ-ဘားအံ-ကော့ကရိတ် - မြဝတီလမ်းပိုင်းပေါ်ရှိ တံတားအမှတ်(၁/၃၂) ၇ ပေ Box Culvert ကမ်းကပ်ခုံရေတိုက်စား၍ ထိခိုက်ပျက်စီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကနှင့်အဖွဲ့ဝင်များသည် ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံ) သို့သွားရောက်၍ ဆေးကုသမှုခံယူနေသူများ၏ တစ်ဦးချင်း ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှုအခြေအနေများကို မေးမြန်းအားပေးပြီး အာဟာရဖြည့်စွက်အစားအစာများပေးအပ်ကာ အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**၁၃-၈-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀)** ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ကျောင်းသား ကျောင်းသူကျန်းမာဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

ကျောင်းသား၊ ကျောင်းသူများသည် အနာဂတ်နိုင်ငံ၏ ကြယ်ပွင့်များဖြစ်ကြသည်။ ထိုကြယ်ပွင့်လူငယ်များ ပညာသင်ယူစုဆောင်းကြရာ၌ ကိုယ်ရောစိတ်ပါ ကျန်းမာသူများဖြစ်ရန်လိုအပ်သည်။ မကျန်းမာလျှင် အနာဂတ်ရည်မှန်းချက်ပန်းတိုင်ကို ရောက်အောင်လှမ်းနိုင်မည်မဟုတ်ဘဲ ရပ်တန့်သွားနိုင်သည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကိုယ်ရောစိတ်ပါကျန်းမာစွာပညာသင်ယူနိုင်ရေးအတွက် မိမိတို့တတ်စွမ်းနိုင်သမျှ လူအင်အား၊ ပစ္စည်းအင်အားကိုအသုံးပြု၍ ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေးမိသားစုများ၏ ကျန်းမာရေးအဆင့်အတန်း အစဉ်အမြဲတိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရသည်။

**➲ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးကိုမြှင့်တင်ရာတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများသည်လည်းအရေးပါသောလုပ်ငန်းများဖြစ်သည်။**

**➲ ကျောင်းတိုင်း လက်သန့်၊ အစားအစာသန့်၊ သောက်ရေသန့်၊ အိမ်သာသန့် ဟူသော သန့်လေးသန့်နှင့်ပြည့်စုံအောင် ကြိုးစားဖြည့်ဆည်းဆောင်ရွက်ကြရပေမည်။**

**➲ ကျောင်းတွင် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေးနှင့် ယင်လုံအိမ်သာများ ရာနှုန်းပြည့်သုံးစွဲနိုင်ရေး အလေးပေးဆောင်ရွက်ကြရမည်။**

**➲ အစာမစားမီနှင့် အိမ်သာအဆင်းလက်ဆေးခြင်းအလေ့အကျင့်များ ဖြစ်ထွန်းစွဲမြဲလာစေရန် လက်ဆေးရန်နေရာများ၊ ရေနှင့် ဆပ်ပြာများ အဆင်သင့်စီမံဆောင်ရွက်ပေးထားပြီး လေ့ကျင့်လုပ်ဆောင်ရန် သင်ကြားညွှန်ပြရမည်။**

ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေး အဆင့်မြှင့်တင်နိုင်ရန် ကျောင်းအခြေပြုကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်းကို ဂရုပြုဆောင်ရွက်ကြရန်လိုသည်။ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးအသိပညာပေးခြင်းကို သင်ထောက်ကူပစ္စည်းများအသုံးပြုကာ နည်းမျိုးစုံဖြင့် ဆောင်ရွက်ကြရန်လိုအပ်သည်။ ကျန်းမာရေးအသိပညာပေးစာစောင်များဖြန့်ဝေခြင်း၊ ပရိုဂျက်တာနှင့် ကျန်းမာရေးပညာပေးဇာတ်လမ်းများ ပြသခြင်း၊ ကျောင်းကျန်းမာရေး လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းများပြသခြင်း၊ ဟောပြောချက်များပြသခြင်း စသည်ဖြင့် နည်းမျိုးစုံသုံး၍ ကျန်းမာရေးအသိပညာမြင့်မားလာအောင် ဆောင်ရွက်ရန်လိုသည်။ ကျောင်းသင်ဘာသာရပ်များတွင် ဘဝတွက်တာကျွမ်းကျင်စရာ(Life Skill Education) ဘာသာရပ်သင်ကြားလေ့ကျင့်ပေးမှုဖြင့် ဘဝတစ်သက်တာတွင် ကျန်းမာစွာနေထိုင်တတ်သောနည်းလမ်းကောင်းများကို ရွေးချယ်နိုင်ပြီး မှန်ကန်သော ကျန်းမာရေးအပြုအမူအကျင့်စရိုက်များ လက်ခံကျင့်သုံးတတ်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးကို မြှင့်တင်ရာတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများသည်လည်း အရေးပါသောလုပ်ငန်းများဖြစ်သည်။ ကျောင်းတိုင်း လက်သန့်၊ အစားအစာသန့်၊ သောက်ရေသန့်၊ အိမ်သာသန့် ဟူသော သန့်လေးသန့်နှင့်ပြည့်စုံအောင် ကြိုးစားဖြည့်ဆည်းဆောင်ရွက်ကြရပေမည်။ ကျောင်းတွင် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေးနှင့် ယင်လုံအိမ်သာများ ရာနှုန်းပြည့်သုံးစွဲနိုင်ရေး အလေးပေးဆောင်ရွက်ကြရမည်။ အစာမစားမီနှင့် အိမ်သာအဆင်းလက်ဆေးခြင်းအလေ့အကျင့်များ ဖြစ်ထွန်းစွဲမြဲလာစေရန် လက်ဆေးရန်နေရာများ၊ ရေနှင့် ဆပ်ပြာများ အဆင်သင့်စီမံဆောင်ရွက်ပေးထားပြီး လေ့ကျင့်လုပ်ဆောင်ရန် သင်ကြားညွှန်ပြရမည်။ ကျောင်းခန်းများနှင့် အခန်းဝန်းကျင်တွင် အမှိုက်ပုံးများထားရှိ၍ အမှိုက်များကို စနစ်တကျသိမ်းဆည်းတတ်ရန်၊ စည်းကမ်းတကျ စွန့်ပစ်တတ်ရန် လေ့ကျင့်သင်ကြားပေးရမည်။ ဤနည်းဖြင့် အမှိုက်ကင်းစင်ကျောင်းများထူထောင်၍ကြွက်၊ခြင်၊ယင်ကင်းစင်သော ပတ်ဝန်းကျင်ကိုထူထောင်ရပေမည်။

ကျောင်းသား၊ ကျောင်းသူများအာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းဝေးရေးသည်လည်းအရေးကြီးသည်၊ ကျောင်းသား၊ ကျောင်းသူတိုင်း အာဟာရမျှတ၍ အန္တရာယ်ကင်းသော အစားအစာများအကြောင်း နားလည်စွာရွေးချယ်စားသုံးတတ်စေရန် ပညာပေးခြင်းနှင့် အလေ့အကျင့်ပျိုးထောင်ခြင်းကို ဆောင်ရွက်ပေးရမည်။ ကျောင်းသား၊ ကျောင်းသူများ အာဟာရပြည့်ဝရေးအတွက် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို အခါအားလျော်စွာ ဆောင်ရွက်ပေးသင့်သည်။ ဂျပန်နိုင်ငံသည် ဤနည်းဖြင့် အာဟာရပြည့်ဝ၍ သန်မာထွားကျိုင်းကာ ကျန်းမာသော လူမှုဝန်းကျင်ကို တည်ထောင်ခဲ့သည်။ ကျောင်းမုန့်ဈေးဆိုင်များကိုလည်း ကျန်းမာရေးနှင့် ညီညွတ်သော မုန့်နှင့် အစားအစာများ၊ အန္တရာယ်ကင်းသော အစားအစာများ စီမံရောင်းချရေးအတွက် ဈေးသည်များကို ပညာပေးခြင်း၊ ကျောင်းကျန်းမာရေးအဖွဲ့က စိစစ်ကြပ်မတ်ဆောင်ရွက်ခြင်းဖြင့် အကောင်အထည်ဖော်ကြရပေမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်း၏ဟု ဆိုထားသည်။ ရောဂါဘယများကို ဖြစ်လာမှကုသခြင်းထက် မဖြစ်မီကြိုတင်ကာကွယ်ခြင်းဖြင့် ပိုမိုထိရောက်မှုရှိမည်ဖြစ်သည်။ ရောဂါများကိုကြိုတင်ကာကွယ်ခြင်းဟုဆိုရာ၌ ကူးစက်တတ်သောရောဂါများနှင့် မကူးစက်တတ်သော ရောဂါများမဖြစ်ပွားအောင်ကာကွယ်ခြင်းကို ဆိုလိုသည်။ ကူးစက်တတ်သောရောဂါများတွင် ကျောင်းသားများတွင် အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါများ မကူးစက်မဖြစ်ပွားနိုင်အောင်အသိပညာပေး၍လိုက်နာနေထိုင်တတ်အောင် လေ့ကျင့်ပေးရမည်၊ သွားနှင့်ခံတွင်းရောဂါ၊ သန်ကောင်ရောဂါစသောအဖြစ်များသောရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင်လည်း ကျောင်းသားလူငယ်များကိုယ်တိုင်ပါဝင်လုပ်ကိုင်ဆောင်ရွက်တတ်စေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရမည်။ မကူးစက်တတ်သောရောဂါများကြိုတင်ကာကွယ်ရေးအတွက် မှန်ကန်သော ကျန်းမာရေးအလေ့အကျင့်များရရှိစေရန် ကျောင်းသားများအား အသိပညာပေးခြင်း၊ အလေ့အကျင့်ပျိုးထောင်ပေးခြင်းများကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးရန် လိုအပ်သည်။

ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးအဆင့်မြှင့်တင်ရန် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြရမည်။ ကျောင်းသား၊ ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကိုယ်ကာယဖွံ့ဖြိုးရေးကို ပုံမှန်စစ်ဆေးပေးရသည်။ ကျန်းမာရေးစစ်ဆေးခြင်း၊ သွားနှင့်ခံတွင်း စစ်ဆေးခြင်းတို့ဆောင်ရွက်ရသည်၊ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေး ပုံမှန်စစ်ဆေးခြင်းဖြင့် တွေ့ရှိသော ရောဂါများကို ကုသပေးခြင်းနှင့် လိုအပ်သလို ဆက်လက်ညွှန်ပို့ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။ ကျောင်းဈေးသည်များကိုလည်း ကျန်းမာရေး စစ်ဆေး၍ လိုအပ်သလိုညွှန်ကြားကုသစေရမည် ဖြစ်သည်။

ကျောင်းကျန်းမာရေးလုပ်ငန်းများကို ကျောင်းသားများ၏ မိဘအုပ်ထိန်းသူများ နားလည်လက်ခံလာအောင် တင်ပြဆွေးနွေးခြင်း၊ ဟောပြောခြင်းများ ဆောင်ရွက်ရမည်။ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လှုပ်ရှားမှုများ၊ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်တိုင်းတွင်လည်းကောင်း၊ ကလေးများအား ကျန်းမာရေးစစ်ဆေးပေးရာတွင်လည်းကောင်း မိဘများအားဖိတ်ခေါ်ခြင်း၊ မိဘဆရာအသင်းအစည်းအဝေးများ ပုံမှန်ကျင်းပခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကာ ကျောင်းမှပြည်သူအတွင်းသို့ မှုမှန်လူနေမှုဘဝဟန်များရောက်ရှိရေး ဆောင်ရွက်ကြရမည်။

ကျန်းမာရေးကိစ္စ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့်ပတ်သက်၍ ဆရာများအား လေ့ကျင့်သင်တန်းပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများက လိုအပ်ပါက နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပြဿနာများကိုညှိနှိုင်း၍ ပံ့ပိုးကူညီခြင်းတို့ပြုလုပ်ပေးရမည်။ ထို့ပြင် မြို့နယ်တိုင်းတွင် တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ကျောင်းကျန်းမာရေးသင်တန်း၊ ကျောင်းအဆင့် ကျောင်းကျန်းမာရေးသင်တန်းများ ပေးနိုင်ရန် ဆောင်ရွက်ရမည်၊ ကျောင်းသားထုအတွင်း ကျန်းမာရေးအလေ့အကျင့်အပြုအမူများဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ပေးရမည်။ ကျန်းမာရေးကို အထောက်အကူပြုသော ကိုယ်လက်လှုပ်ရှားအားကစားများ ပြုလုပ်နိုင်ရန် ကာယပညာနှင့် အားကစားလုပ်ငန်းသင်ကြားနိုင်မည့် နည်းပြများ၊ ဆရာများ၏ အကူအညီဖြင့် ကိုယ်လက်လှုပ်ရှားကစားခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးခြင်း၊ နေ့စဉ်ပုံမှန် ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်နိုင်ရန်ညှိနှိုင်း၍ ပံ့ပိုးကူညီမှုများပေးခြင်းဖြင့် ကျန်းမာသော ကျောင်းသား၊ ကျောင်းသူများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ ။

**ညွန့်ဝင်း(နတ်တလင်း)**

# ကျောင်းတွင်းအာဟာရရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကျင်းပ



နေပြည်တော် ဩဂုတ် ၁၃

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ်လ ၁၃ ရက်နံနက်ပိုင်းတွင် ကျောင်းတွင်းအာဟာရရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပသည်။


ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းနွမ်းခမ်းက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအကြောင်း သိကောင်းစရာများနှင့် အာဟာရဖြစ်စေမည့်အစားအသောက်အုပ်စုများအကြောင်းကို ဟောပြောပြီး ကျောင်းကျန်းမာရေးတာဝန်ခံဆရာမတစ်ဦးက ဖြည့်စွက်ဟောပြောသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီးနှင့်တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်လူကြီးများက အလယ်တန်းနှင့် မူလတန်း ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးနှင့်ညီညွတ်သည့်မြန်မာ့ရိုးရာအာဟာရအစားအသောက်များ၊ မုန့်မျိုးစုံနှင့်အသုပ်မျိုးစုံပြုလုပ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက်ဆုရရှိသည့်အသင်းများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြောင်းသိရသည်။

**နိုင်ထွန်း**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအောင်နိုင်ရေး အုပ်ချုပ်မှုပိုင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၁၃

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအောင်နိုင်ရေး အုပ်ချုပ်မှုပိုင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအောင်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ လေ့ကျင့်မှုကို အထောက်အကူပြုမည့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရန်နှင့် မြန်မာအသင်းဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် အားကစားနည်းများအလိုက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားအဖွဲ့ချုပ်များ၊ အားကစားသမားများနှင့် အုပ်ချုပ်၊ နည်းပြများ၏လေ့ကျင့်ဆောင်ရွက်နေမှု၊ စံချိန်၊ စံညွှန်းတိုးတက်မှု၊ လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းလိုအပ်မှု၊ ပြိုင်ပွဲဝင်ဝတ်စုံများနှင့် အထောက်အကူပြုပစ္စည်းများ အချိန်မီရရှိစေရေး ဆောင်ရွက်ထားရှိမှု၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ၊ ရုံးလုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုများကို တင်ပြကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ယခင်လအစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေဆဲလုပ်ငန်းများ၊ လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ အောင်နိုင်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို တင်ပြကြပြီး ဒုတိယဝန်ကြီးများက အားကစားအဖွဲ့ချုပ်များ၊ အားကစားပိုင်းဆိုင်ရာနှင့် ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ စနစ်တကျဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ အောင်နိုင်ရေး၊ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရေး မှာကြားကြောင်း သိရသည်။

မြဝတီ

# ကလောမြို့နယ်နှင့် ညောင်ရွှေမြို့နယ်တို့ရှိ လျှင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကြည့်ရှုစစ်ဆေး



ကလော ဩဂုတ် ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ကလောမြို့ ကလောချောင်းမြေထိန်းနံရံလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ လူကူးကြိုးတံတားဆောက်လုပ်မည့်နေရာနှင့်ကလောဘူတာရုံ ပြုပြင်ဆောင်ရွက်နေမှု၊ ကလောချောင်းတစ်လျှောက်သဲနုန်းတူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ကလောမြို့သန့်ရှင်းသာယာလှပရေး၊ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး ဆောင်ရွက်ရန်နှင့် မြို့နေပြည်သူလူထုပူးပေါင်းပါဝင်ရေး စည်းရုံးဆောင်ရွက်ကြရန် မှာကြားပြီး အောင်ပန်းမြို့ အမှတ်(၈) အခြေခံပညာမူလတန်းကျောင်းတွင် AHA Center ၏ပေါင်းစပ်ညှိနှိုင်းမှုဖြင့် အာဆီယံက လှူဒါန်းထားသော Prefabricated ကျောင်းဆောင်ဆောက်လုပ်ပြီးစီးမှုနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ညောင်ရွှေမြို့နယ် ကေလာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ယာယီကျောင်းဆောင်ဆောက်လုပ်နေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မန္တလေးလျှင်ကြီးကြောင့်ထိခိုက်ခဲ့သည့် အင်းလေးဖောင်တော်ဦးဘုရား ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ အလှူငွေများပေးအပ်လှူဒါန်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

မြဝတီ

# မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းကြည့်ရှု

နေပြည်တော် ဩဂုတ် ၁၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည်တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် ကွင်းအမှတ်(၁၆၆၁)ရှိ တောင်သူဦးသန်းဇော်၏လယ်သို့ သွားရောက်ပြီး မိုးစပါးအထွက်ကောင်းမျိုးများ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး တောင်သူများ၏တင်ပြချက်များအပေါ်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၇၂)၌ ကောက်ရိုးဖြင့် သဘာဝမြေဩဇာပြုလုပ်ထားရှိမှုနှင့် သဘာဝမြေဩဇာပြုလုပ်နည်းလက်တွေ့သရုပ်ပြသခြင်းကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည်ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စု ကွင်းအမှတ်(၁၆၇၂) ရှိ တောင်သူဦးဘိုဘိုမောင်၏ လယ် ၈ ဧက၌ သဘာဝမြေဩဇာပြုလုပ်ရာတွင် ပါဝင်ပစ္စည်းများ ခင်းကျင်းပြသထားမှုနှင့် ရေဆင်းပေါ်ဆန်း (၂) စပါးမျိုးများစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့်တွေ့ဆုံ၍ သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင်ပြုလုပ်သုံးစွဲရေး၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ စိုက်ပျိုးဆောင်ရွက်ရေးမှာကြားကြောင်း သိရသည်။

မြဝတီ



# ရေရှည်တည်တံ့သည့် မွေးမြူရေးလုပ်ငန်းများရှင်သန်ရေး အလေးထား ဆောင်ရွက်ရန် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး မှာကြား

နေပြည်တော် ဩဂုတ် ၁၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် ထိန်အင်းကျေးရွာ ခန့်ညားကုမ္ပဏီ၏အသားတိုးနွားမွေးမြူရေး၊ အေးခဲအသားထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်မည့် မြေနေရာနှင့် လုပ်ငန်းစတင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် ရသေ့တောင်ကျေးရွာရှိ ပုဂ္ဂလိကအသားတိုးကြက်မွေးမြူရေးခြံ၌ အသားစားကြက်နှင့် အသားတိုးဝက်မွေးမြူထားရှိမှု၊ ဒေသ၏အသားဈေးကွက်သို့ဖြန့်ဖြူးပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တိရစ္ဆာန်ကူးစက်ရောဂါ တားဆီးကာကွယ်ရန်နှင့် ဇီဝလုံခြုံရေးအလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် တလုပ်ပင်ကျေးရွာရှိ ကြံတိုင်းအောင်သမဝါယမအသင်းပိုင်မြေ ၉၇ ဒသမ ၆၅ ဧကပေါ်၌ ဒို့မြန်မာသမဝါယမအသင်းနှင့်ကြံတိုင်းအောင်သမဝါယမအသင်းတို့ အကျိုးတူပူးပေါင်း၍ ဒေသနွားမွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ အသား၊ နို့၊ ဥ ထုတ်လုပ်မှု တိုးတက်စေရေး၊ မွေးမြူရေးအခြေခံစားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်ရေးနှင့် သွင်းကုန်အစားထိုးထုတ်လုပ်လာနိုင်ရေး၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိလာစေရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းစေရေးဌာနနှင့်ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး မွေးမြူရေးလုပ်ငန်းရှင်များ၏တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

မြဝတီ

⇨ ရှေ့ဖုံးမှအဆက်

တစ်ဧကအထွက်နှုန်း ပျမ်းမျှ ၇၄ ဒသမ ၅၇ တင်းနှုန်းဖြင့် တင်းပေါင်း ၁၉၄၀၀၁၃ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ယခုနှစ်မိုးစပါးစိုက်ရာသီတွင် ဒေသ၊ ရေမြေရာသီဥတုနှင့်ကိုက်ညီသော ကျော်ဇေယျစပါး၊ ဆင်းသုခစပါး၊ ရောမင်းစပါး၊ GW–II စပါး၊ အောင်နိုင်တိုးစပါးနှင့် ပေါ်ဆန်းရင်စပါးမျိုးများကို စိုက်ပျိုးထားကြောင်း သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းကပြောသည်။

သရက်ချောင်းမြို့နယ်၌ တောင်သူလယ်သမားများအား စပါးစိုက်ပျိုးနည်းစနစ်များ အသိပညာတိုးတက်လာစေရန် မိုးစပါးစိုက်ပျိုးနည်းစနစ်များဆိုင်ရာ နည်းပညာပေးသင်တန်းများ၊ ကွင်းသရုပ်ပြပွဲများ၊ စံပြကွက်၊ စမ်းသပ်ကွက်များ၊ စိုက်ပျိုးပြီး စိုက်ပျိုးနည်းစနစ်များနှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိန်ကိုက်အချိုးကျရောနှောကြဲပက်ခြင်းကွင်းသရုပ်ပြပွဲများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုနှစ်မိုးစပါးရာသီတွင် ဌာနမှ အကျိုးဆောင်တောင်သူများအား မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိစေရန်အတွက် ဆင်းသုခမျိုးစပါး ၃၅၅ တင်း၊ GW–II ၉၀ တင်း၊ အောင်နိုင်တိုးမျိုးစပါး ၇ တင်း စုစုပေါင်းမျိုးစပါး ၄၅၂ တင်းနှင့် ကွန်ပေါင်းဓာတ်မြေဩဇာ ၁၅၀ အိတ်အား အခမဲ့ပေးအပ်ခဲ့ပြီး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှထုတ်လုပ်သော ယူရီးယားဓာတ်မြေဩဇာများကိုလည်း ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး



နေပြည်တော် ဩဂုတ် ၁၃

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူး/ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Michael Dunford အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အမှန်တကယ်လိုအပ်နေသူများထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ အထွေထွေရွေးကောက်ပွဲကျင်းပရေးကိစ္စရပ်များ၊ သဘာဝဘေးပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂)မှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ရှမ်းပြည်နယ် လားရှိုးခရိုင်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၁၃

ရှမ်းပြည်နယ် လားရှိုးခရိုင်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လားရှိုးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး လားရှိုးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေများနှင့်လုပ်ငန်းလက်စွဲများပြင်ဆင်ထားရှိမှု အခြေအနေများ၊ မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံများ၊ မဲပေးစက် တပ်ဆင်နေရာချထားခြင်းနှင့် မဲပေးခြင်းဆိုင်ရာကိစ္စရပ်များ၊ မဲပေးစက်မှ မဲရလဒ်များ ထုတ်ယူရေတွက်ပုံအဆင့်ဆင့်များ၊ မဲပေးစက်အသုံးပြုခြင်း၏အကျိုးကျေးဇူးများနှင့် လုံခြုံစိတ်ချရမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် စမ်းသပ်မဲပေးခြင်းအား ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ



# လျှောင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၃

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် ဩဂုတ်လ ၁၃ ရက်အထိ သေဆုံးသူ ၃၇၇၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၃၅ ဦး ရှိသည်။


မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်းပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၅၁ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ပြည်တွင်းပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ


## အထူးမိုးလေဝသ သတင်း

# တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်




နေပြည်တော် ဩဂုတ် ၁၃

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်နှင့် ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဩဂုတ်လ ၁၇ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်၊ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။




သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန်သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ် အခမ်းအနားကျင်းပ



နေပြည်တော် ဩဂုတ် ၁၃

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်)အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစတင်၍ အခြေခံပညာကျောင်းများအားလုံး ကျန်းမာရေးအဆင့်မြှင့်ကျောင်းများအဖြစ် သတ်မှတ်နိုင်ရေးကို ဒေသအလိုက်၊ ကျောင်းအလိုက်ပညာရေးနှင့်ကျန်းမာရေးဝန်ထမ်းများ၊ မိဘ/ ဆရာများနှင့်ပူးပေါင်းပြီး အတတ်နိုင်ဆုံး ဝိုင်းဝန်းအကောင်အထည်ဖော်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ယခုပညာသင်နှစ်ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးစားပေးလုပ်ငန်းများအဖြစ် ကျောင်းအခြေပြုသွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ကျောင်းများမဖွင့်မီ ခြင်ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်း၊ ၆ ပတ်တစ်ကြိမ် ပိုးလောက်လမ်းသေဆေး (အဘိတ်) ခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်ပြီး အသိပညာပေး ပြောကြားခြင်း၊ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းများနှင့် ကျောင်းမုန့်ဈေးတန်းများ ကျန်းမာရေးနှင့် ညီညွတ်စေရေးလုပ်ငန်းများကို ပညာရေးနှင့် ကျန်းမာရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း။

ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှ စတင်၍ဆောင်ရွက်ခဲ့ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင်လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်းဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် "လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးဖို့ ကျောင်းကျန်းမာရေးမြှင့်တင်စို့" ဆိုသည့်အတိုင်း နိုင်ငံ၏အရေးကြီးသည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် ကျောင်းသားလူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်မည့် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းအပါအဝင် ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များတွင်လည်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ်လှုပ်ရှားမှု ဗီဒီယိုပြသပြီး တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကျောင်းကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ်လှုပ်ရှားမှုများ ဆောင်ရွက်နေသည့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း (ဇမ္ဗူသီရိမြို့နယ်)သို့ သွားရောက်၍ ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းများဖြစ်သည့် ပဏာမမျက်စိကျန်းမာရေးစစ်ဆေးခြင်း၊ ကျောင်းကျန်းမာရေးစစ်ဆေးမှုမှတ်တမ်းကတ်များကို အသုံးပြုပြီး အထွေထွေကျန်းမာရေးစစ်ဆေးခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးကုသမှုပေးခြင်း၊ အလယ်တန်းကျောင်းသူများအား သံဓာတ်အားဆေးတိုက်ကျွေးခြင်း၊ အခြေခံပညာကျောင်းသား၊ ကျောင်းသူများအား သန်ချဆေးတိုက်ကျွေးခြင်း၊ ပိုးလောက်လမ်း ကင်းစင်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားမိဘများက အာဟာရပြည့်ဝမျှတသည့်အစားအစာများ ပြင်ဆင်ချက်ပြုတ်ပြသခြင်း၊ ကျောင်းသား၊ ကျောင်းသူကလေးများမှ အစာအုပ်စုသုံးအုပ်စုနှင့် ပတ်သက်၍ အာဟာရ ပညာပေးခြင်း၊ KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးမှု ဆောင်ရွက်ခြင်း၊ စနစ်တကျလက်ဆေးခြင်းနှင့် စနစ်မှန် သွားတိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက်ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၆၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၂၆၈ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၈၀၈၅ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။



နောင်ချိုမြို့နယ်အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်လက်ခံစဉ်။



နောင်ချိုမြို့နယ်အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ်လ ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၈၉ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူ ၈၃ ဦးကို သွေးအမျိုးအစားစစ်ဆေးပေး၍ အမျိုးသား ၁ ဦးကို ငှက်ဖျားပိုးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ၎င်းအပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၃၆ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မီးသတ်တပ်ဖွဲ့များက နောင်ချိုမြို့၊ တောင်ရပ်ကွက်၊ ဟော်တော်ဘုန်းကြီးကျောင်းဝင်းအနီး လမ်းဘေး ဝဲ/ယာ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းပေးစဉ်။

# ပြင်ဦးလွင်မြို့နယ်ဦးစီးမှူးရုံး၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် ဩဂုတ် ၁၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယမန်နေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ စုပေါင်းရုံးရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြင်ဦးလွင်မြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ၊ လဲလှယ်နှင့် မိတ္တူလျှောက်ထားသူပြည်သူများကို ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြားစိစစ်ဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်တစ်ပါတည်းဆောင်ရွက်ထုတ်ပေးနေမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ရုံးအတွင်း၌ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့သည့် အချက်အလက်များအား ရုံးချုပ်ရှိ e-ID Sever ရှိအချက်အလက်များနှင့် တိုက်ဆိုင်စိစစ်ပြင်ဆင်ဖြည့်စွက်ကာ မဲစာရင်းမှန်ကန်ရေးအတွက်အတည်ပြုလူဦးရေစာရင်းတိကျမှန်ကန်ရေးဆောင်ရွက်နေမှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး ရုံးခန်းအတွင်း စာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှုနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျထိန်းသိမ်းထားရှိမှု၊ မီးဘေးအန္တရာယ်နှင့် ပိုးမွှားအန္တရာယ်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာတာဝန်ကျဝန်ထမ်းများနေထိုင်သည့် ဝန်ထမ်းအိမ်ရာများအနက် လျှပ်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် ဝန်ထမ်းအိမ်ရာများပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များ၊ လက်ရှိ ယာယီတဲများဖြင့် နေထိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး Container House ၌ ဝန်ထမ်းများကိုတွေ့ဆုံကာ လေဆိပ်ဝန်ထမ်းအိမ်ရာများပြန်လည်ပြင်ဆင်ဆောင်ရွက်ရမည့်အခြေအနေ၊ လေဆိပ်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျဆောင်ရွက်ကြရေး၊ လေဆိပ်ရုံးခန်းများ ပြန်လည်ပြင်ဆင်ပြီးပါက လုပ်ငန်းများပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက်ကြိုတင်စီစဉ်ထားရှိရေးမှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၃၃)သင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၁၃

အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၃၃)၏ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိ စစ်ရေးပြကွင်း၌ကျင်းပသည်။

ဦးစွာ သင်တန်းဆင်းတပ်ခွဲက ပါမောက္ခချုပ်အား အလေးပြုပြီး နိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် ပါမောက္ခချုပ်က သင်တန်းသားစံပြဆုနှင့် စာပေထူးချွန်ဆုကို သင်တန်းသား ဦးကျော်မင်းဦး (ဒုတိယဦးစီးမှူး) လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီးကိုလည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူ ဒေါ်သဲစုစုစံ (ဒုတိယမီးသတ်ဦးစီးမှူး) မီးသတ်ဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာနကိုလည်းကောင်း၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကိုလည်းကောင်း ချီးမြှင့်ပေးပြီး သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

သင်တန်းဆင်းပွဲသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခ (ပညာဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများမှ သင်တန်းသား ၁၀၂ ဦး၊ သင်တန်းသူ ၁၆၂ ဦး စုစုပေါင်း ၂၆၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန်လ ၂ ရက်မှ ဩဂုတ်လ ၁၃ ရက်ထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြဝတီ

## အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း(အမျိုးသား / အမျိုးသမီး) ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ပြေးခုန်ပစ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်စဉ်။

နေပြည်တော် ဩဂုတ် ၁၃

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြေးခုန်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း(အမျိုးသား/အမျိုးသမီး) ၁၀ သင်းတို့ဖြင့် ဩဂုတ်လ ၁၈ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မွေးကင်းစမှ အသက် ၁ နှစ် ၆ လအထိ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံခြင်းနှင့် ၅ နှစ်အထိ ကလေးငယ်များအား ဗီတာမင်ဆေးတိုက်ကျွေးခြင်းပြုလုပ်

နေပြည်တော် ဩဂုတ် ၁၃

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ မွေးကင်းစမှ အသက် ၁ နှစ် ၆ လအထိ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံခြင်းနှင့် ၅ နှစ်အထိ ကလေးငယ်များအား ဗီတာမင်ဆေးတိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်မြေခံတပ်မတော်ဆေးရုံမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မန္တလေးတပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များရှိ မွေးကင်းစမှ အသက် ၁ နှစ် ၆ လအထိ ကလေးငယ် ၃၂၅ ဦးတို့ကို ဝက်သက်၊ ဂျိုက်သိုး၊ (BCG)၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေးထိုးနှံခြင်းများကိုလည်းကောင်း၊ ၅ နှစ်အထိ ကလေးငယ် ၈၅ ဦးတို့ကို ပိုလီယိုကာကွယ်ဆေးနှင့် ဗီတာမင်ဆေးတိုက်ကျွေးခြင်းများကိုလည်းကောင်း ဆောင်ရွက်ပေးကြသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ကလေးငယ်များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးရုံမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးစဉ်။

## မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၃

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ နေပြည်တော်နှင့်မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Harvest of more than 22,000 acres of summer paddy completes in Shwebo Township

SHWEBO August 13

Statistics of Shwebo Township Agriculture Department of Sagaing Region stated that local farmers have so far harvested more than 22,000 acres of summer paddy in the township.

They planted 64,910 acres of summer paddy in Shwebo Township. So far, they have harvested 22,442 acres of crops, yielding 88.42 baskets per acre.

U San Oo, Head of the Shwebo Township Department of Agriculture, disclosed: "In Shwebo Township, a total of 64,910 acres of summer paddy have been cultivated during this year's summer crop season. The harvest of these paddy fields is currently underway. As of today, more than 22,000 acres have already been harvested. Summer paddy cultivation exceeded the initially planned acreage. Farmers were provided with agricultural techniques, pest prevention knowledge, and guidance to avoid crop losses and to ensure timely post-harvest storage under proper cover."

In Shwebo Township, to help summer paddy farmers increase per-acre yields and achieve production targets, high-quality seeds were distributed, educational pamphlets on farming techniques were handed out, training and awareness sessions were conducted, and efforts were made to provide necessary inputs in a timely manner.



Local farmers were urged to contact the Agriculture Department to make preparations for following the agricultural guidelines on prevention of pests, fulfillment of fertilizers and collection of quality strains of crops in time in order to grow summer paddy and other crops.

SK

# More than 31,000 acres of croplands placed under rain-fed sesame in Ayadaw Township



AYADAW August 13

More than 31,000 acres of rain-fed sesame has been planted in Ayadaw Township of Sagaing Region, according to Monywa District Agriculture Department.

During the 2025-2026 monsoon cropping season, 43,020 acres of sesame are planned to be cultivated in Ayadaw Township. Cultivation began in May this year, and as of today, a total of 31,210 acres have already been planted.

This year, the Ayadaw Township Department of Agriculture is providing guidance to sesame farmers on expanding sesame cultivation, applying proper cultivation methods and GAP techniques, using quality and pure seeds, and planting high-yield sesame varieties.

The crops planted in good agricultural practice-GAP will have higher quality than other usual crops and fetch higher prices. Moreover, the GAP-applied crops can be exported to foreign markets. So, the farmers applying GAP will have larger benefits from their farming tasks and enjoy improved socio-economic life.

SK

# Pre-monsoon green gram harvested in Sagaing District

SAGAING August 13

Statistics of Sagaing District Department of Agriculture mentioned that local farmers have harvested 3,971 acres of green gram planted before monsoon this year in Sagaing District of Sagaing Region.

Local farmers placed 3,971 acres of croplands under green gram before monsoon this year in Sagaing District. They started harvest of crops in June this year, and so far, they have harvested all sown acreage of crops, yielding more than 19 baskets per acre.

This year, local farmers have harvested 338 acres of green gram planted before monsoon in Sagaing Township, 818 acres in Myinmu Township and 2,815 acres in Myaung Township, totalling 3,971 acres.

Officials of relevant Township Agriculture Departments raised farmer awareness to use quality strains of crops, correct agricultural techniques, prevention of pests, systematic use of fertilizers, and boosting per-acre yield of crops.

Moreover, officials cooperated with local farmers in providing quality seeds, agricultural inputs and post-harvest technology for farmers in growing pulses and beans in the district in monsoon this year.

SMK

# Kyunhla Township plants over 3,000 green gram during this monsoon

KYUNHLA August 13

Township Agriculture Department in Kyunhla Township stated that local farmers have planted more than 3,000 acres of green gram in Kyunhla Township of Sagaing Region this year.

During the 2025-2026 monsoon cropping season, 5,412 acres of green gram are planned to be cultivated in Kyunhla Township. Cultivation began in May this year, and as of today, 3,921 acres have already been planted.

"This year, during the monsoon cropping season, over 5,000 acres of green gram are planned to be cultivated in Kyunhla Township. So far, more than 3,000 acres have already been planted. Efforts are being made to ensure the target acreage is fully achieved. Awareness campaigns are being conducted to encourage expanded cultivation and to promote the use of quality seeds for better yields," said Daw Myint Myint Yi, Head of the Kyunhla Township Department of Agriculture.

Officials of the Township Agriculture Department help local farmers choose quality seeds of crops suitable for the region, use correct agricultural techniques, prevent pests and systematically feed crops with fertilizers in order to boost per-acre yield of crops.

SMK

# More than 2,000 acres of maize and sweet corns planted in Mingin Township



MINGIN August 13

Local farmers have planted more than 2,000 acres of maize and sweet corns in Mingin Township of Sagaing Region this year, according to the Township Agriculture Department.

Local authorities earmarked cultivation of 529 acres of maize and 3,301 acres of sweet corns in the township. But local farmers have planted 277 acres of maize and 2,505 acres of sweet corns against the target cultivation.

"During this year's monsoon crop season, over 3,000 acres have been designated for the cultivation of maize and sweet corn in Mingin Township. As of today, more than 2,000 acres have already been cultivated. Efforts are underway to reach the target acreage. To ensure successful crop growth, farmers are being educated and given awareness on preventing pest and disease infestations," said Daw Hayman Kyaw Win, Head of the Department of Agriculture in Mingin Township.

This year, the Department of Agriculture in Mingin Township has been providing maize and sweet corn farmers with training, conducting field demonstrations, and raising awareness on preventive measures against fall armyworm. Integrated crop protection measures are also being introduced, including the use of neem-based insecticides and safe application of pesticides for pests affecting ginger and chili plants, along with ongoing education on agricultural practices.

In Mingin Township, maize cultivation yields over 50 baskets per acre, with an estimated cost of around Ks-500,000 per acre. Sweet corn cultivation yields about 15,000 cobs per acre, with costs exceeding Ks-500,000 per acre as well.

**SK**

# Kalewa Township authorities manage cultivation of more than 1,000 acres of vegetables



KALEWA August 13

Statistics of Kalewa Township Agriculture Department in Sagaing Region, a total of 1,092 acres of vegetables have been planted in the township this year.

During the 2025-2026 monsoon crop season, a total of 1,935 acres have been designated for vegetable cultivation in Kalewa Township. Planting began in May of this year, and as of today, 1,092 acres have already been cultivated.

"This year, over 1,900 acres of vegetables are planned for cultivation in Kalewa Township during the monsoon season. As of today, more than 1,000 acres have already been planted. Efforts are ongoing to meet the full target acreage. The crops include roselle, chilli, cauliflowers, herbs, potatoes, okra, Chinese cabbage, eggplant, and ridge gourd. Farmers are being provided with technical assistance to grow all these vegetables following the GAP (Good Agricultural Practices) system. They're also being trained to minimize chemical residues and grow crops that are health-friendly," said U Myo Naing, Head of the Township Department of Agriculture in Kalewa.

This year, the Kalewa Township Department of Agriculture has been providing farmers with training to grow vegetables using GAP methods. They are also teaching techniques to ensure that vegetables harvested from the fields are healthy and safe for consumption. Support is also being given to encourage farmers to expand their vegetable cultivation areas.

In Kalewa Township, seasonal vegetables are grown year-round. These vegetable crops have been successful and have contributed to household income. The Department of Agriculture is also educating farmers on proper cultivation methods, pest prevention, the use of natural fertilizers, and the preparation and use of natural pesticides and repellents.

**SMK**

# Farmers finish cultivation of vegetable plants on more than 1,000 acres of land

TAZE August 13

Local farmers have planted a total of 1,023 acres of vegetable plants in Taze Township of Sagaing Region this year, according to YeU District Agriculture Department.

In 2025-2026 monsoon crop cultivation season, local authorities earmarked 1,352 acres of vegetable plants in Taze Township but farmers have so far planted 1,023 acres of crops against the target cultivation.

"This year, during the monsoon crop season, over 1,300 acres of vegetables are planned for cultivation in Taze Township. As of today, more than 1,000 acres have already been cultivated. Efforts are ongoing to ensure that the full target acreage is achieved. The crops include roselle, chilli, spicy, cauliflowers, cabbage, herbs, Chinese cabbage, gourd, potatoes, okra, eggplant, and ridge gourd. Farmers are being provided with technical support to grow all these vegetables following the GAP (Good Agricultural Practices) system. They are also being trained to minimize chemical residues and grow crops that are healthy and safe," said U Zaw Myint Htun, Head of the Department of Agriculture for Ye-U District.

This year, the Taze Township Department of Agriculture is providing technical training to vegetable farmers to cultivate using GAP standards. They are also offering guidance to ensure that the harvested vegetables meet health and safety standards and are supporting farmers in expanding their vegetable cultivation areas.

In Taze Township, a variety of vegetables are cultivated seasonally each year. These crops have proven successful and contribute to household income. The Department of Agriculture continues to educate vegetable farmers on proper cultivation techniques, pest-free practices, and the use of natural fertilizers, organic pesticides, and repellents.

**SK**

# Budalin Township grows over 6,000 acres of rain-fed pigeon peas

BUDALIN August 13

More than 6,000 acres of pigeon peas have been planted in this year rain crops planting season in Budalin Township, Monywa District, Sagaing Region, according to the statistics of the Department of Agriculture for Budalin Township.

In the 2025-2026 rain crops planting season, 34,500 acres of pigeon peas have been planted in Budalin Township, and planting has begun since May this year, and 6,998 acres have been planted to date.

"This year, Budalin Township has planned to plant more than 34,000 acres of pigeon peas in this year rain crops planting season. More than 6,000 acres have been planted to date. We are working to ensure that the target acres are met," said U Phyo Wai, head of the Department of Agriculture for Budalin Township.

**SMK**

# China forces US destroyer out of territorial waters near Scarborough Shoal




BEIJING August 13

The Chinese military drove a US destroyer away from the disputed island of Scarborough Shoal (Huangyan) on Wednesday, the China Central Television (CCTV) channel reported, citing the Southern Theater Command of the People's Liberation Army (PLA).

The USS Higgins "illegally entered the territorial waters of China off the island of Huangyan without the permission of the Chinese authorities," CCTV reported, citing PLA.

"The Navy of the PLA's Southern Theater Command deployed military personnel to track, monitor, warn and oust" the YS warship in line with the law, the military said.

The PLA's Southern Command said that the actions of the US military seriously infringed on China's sovereignty and security, undermined peace and stability in the South China Sea, and violated international law and basic norms of international relations.

China, the Philippines, Vietnam, Malaysia and other nations lay rival claims to parts of the South China Sea, where significant hydrocarbon reserves have been discovered. The disputes concern the Paracel Islands, the Spratly Islands and Scarborough Shoal, which are located at the crossroads of Indian and Pacific Ocean shipping routes and are rich in oil and gas.

**Sputnik**

## Russia's nuclear-powered cruiser to begin sea trials

VLADIVOSTOK August 13

Russia's nuclear-powered missile cruiser Admiral Nakhimov is expected to begin sea trials in August or September, local media reported on Wednesday.

The cruiser is now "in the final stage of preparation for sea trials," said RIA Novosti, quoting a source from Russia's defense industry. "All systems, units and equipment are undergoing checks, and the delivery crew is being formed."

In July, Andrei Kostin, head of the VTB Bank and chairman of the board of directors of the United Shipbuilding Corporation, said that repairs on the Admiral Nakhimov had been completed and the ship was ready for trials.

The Admiral Nakhimov, a Kirov-class battlecruiser, is the largest surface combat ship in the Russian Navy, with a displacement of over 25,000 tons and a nuclear propulsion system. It is designed to destroy large surface targets and provide integrated air and anti-submarine defense.

Built in the late 1980s, the cruiser served with the Northern Fleet before being sent for repairs in the late 1990s. The overhaul and modernization work began in 2013.

**Xinhua**

## Russia's Klyuchevskoy Volcano spews 12 km-high ash plume

VLADIVOSTOK August 13

The Klyuchevskoy Volcano in Russia's Kamchatka Peninsula ejected an ash column soaring 12 kilometers into the atmosphere on Wednesday, local authorities said.

The ash plume is drifting southward, with settlements in the Ust-Kamchatsky, Milkovsky and Yelizovsky districts, as well as the Vilyuchinsk and Petropavlovsk-Kamchatsky urban districts, lying in its projected path, said the regional branch of the Ministry of Emergency Situations.

Minor ashfall in these areas is possible, though no ash deposits have been reported so far in populated areas.

Officials urged residents to stay safe in the event of ashfall by keeping doors and windows shut, minimizing outdoor exposure and wearing masks outside.

Following the eruption, the volcano-related aviation alert was raised to red, the highest level.

Standing at 4,754 meters above sea level and located in the Ust-Kamchatsky District, Klyuchevskoy is the tallest active volcano in Eurasia. Its current eruptive phase began in April. **Xinhua**



## India plans to diversify non-US trade – media

NEW DELHI August 13

India is planning to boost its export presence in 50 countries in an effort to mitigate the effects of increased US tariffs, local media outlets reported on Tuesday, citing government sources.

New Delhi has expanded its strategy to now focus on the 50 nations that account for around 90 percent of its total exports, the Times of India said.

The strategy entails boosting engagement with new markets in the Middle East and Africa in particular, according to a CNBC TV18 report. The approach will be tailored to specific products and will be guided by three main objectives: diversifying exports, substituting imports with domestic products, and improving export competitiveness, the report added.

The new policy is aimed at reducing dependence on any one market and minimizing the risks associated with trade disruptions.

The move comes as India faces concerns about a slowdown in global demand and potential challenges from US tariff measures.

Last week, the White House announced an additional 25 percent tariff on Indian imports, thus bringing the overall tariff level facing the South Asian nation to 50 percent. US President Donald Trump said the latest measures were imposed due to India's continued purchases of Russian oil.

The Middle East is being targeted as a growth region for Indian engineering goods, gems, and jewelry, while Africa presents opportunities for exports of pharmaceuticals, auto components, and agricultural products, according to reports.

**RT**

## S. Korean president to visit Japan for summit with Ishiba

SEOUL August 13

South Korean President Lee Jae-myung will visit Japan for a summit with Japanese Prime Minister Shigeru Ishiba later this month, Lee's office said Wednesday.

Presidential spokesperson Kang Yu-jung told a press briefing that Lee will make a two-day visit to Japan from August 23 for the summit meeting with the Japanese premier.

Kang said the two leaders will seek to solidify the foundation for future-oriented bilateral cooperation, discuss ways to strengthen South Korea-Japan and South Korea-U.S.-Japan cooperation, and exchange opinions about regional peace and stability and other regional and global issues.

After the trip to Japan, the South Korean president will pay a three-day visit to the United States for a summit with U.S. President Donald Trump on August 25.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Thousands more prostate cancer patients could avoid overtreatment if NICE updated guidelines, charity says

Up to 5,000 men a year could avoid potentially harmful treatment for prostate cancer if 'outdated' guidelines reflected the latest evidence, a charity has said.

Closely monitoring the disease with regular blood tests and scans can be the best option for those whose cancer is slow-growing and unlikely to endanger their life.

But out-of-date guidance from the National Institute of Health and Care Excellence (Nice) on how this is implemented has created a 'wild west' , with some hospitals adopting their own approach.

This has also led to a 'postcode lottery' of care, with patients in some parts of the country more likely to have unnecessary surgery, with the risk of side-effects such as erectile dysfunction or incontinence.

Potential overtreatment for prostate cancer ranges from 2% to 24%, depending on where men are in the country, according to Prostate Cancer UK.

One in four men diagnosed with prostate cancer each year have such slow growing disease that it is unlikely the cancer will ever cause them harm.

Modern advances in how we diagnose prostate cancer mean clinicians can now tell which men need immediate treatment to stop their cancer progressing, and which men would be better off being monitored, enabling them to delay or even avoid treatment altogether.

Nice guidance on active surveillance is designed to advise specialists on how to implement monitoring and which men should be monitored.

However, it has not been updated since 2021, according to Prostate Cancer UK.

Analysis of freedom of information responses by the charity found one in four (24 percent) hospitals rely on Nice guidance alone to implement active surveillance.

But 35 have created their own guidelines, which Prostate Cancer UK warned can lead to inconsistency and confusion among medics.

The charity is now repeating its call for Nice to update its guidance, warning the outdated version is hindering a screening programme for prostate cancer.

Amy Rylance, assistant director of health improvement at Prostate Cancer UK, said: To reduce the harm caused by prostate cancer and build the foundations for a screening programme, we need to both save lives and prevent unnecessary treatment but official guidelines still haven't caught up with the clinical evidence.

Concerns about overtreatment are a major reason the UK does not routinely screen for prostate cancer, despite it being the most common cancer in England.

Acting on latest research that shows more men can safely opt for monitoring instead of treatment will reduce overtreatment and the harm it causes men.

We asked Nice to update their active surveillance guidance two years ago, but our request was rejected.

'Now we have evidence this is potentially affecting thousands of men. Enough is enough.'

The NHS uses a prostate-specific antigen (PSA) blood test to check for prostate conditions including prostate cancer or an enlarged prostate.

Routine PSA testing is not currently offered on the NHS, but patients may be offered a PSA test if a GP suspects they have prostate cancer, while men over 50 can request a test from their GP even if they do not have symptoms.

Vincent Gnanapragasam, a professor of urology at the University of Cambridge, said: Active surveillance is the best treatment option for men whose cancer is unlikely to progress or cause them problems in their lifetime.

But Nice's outdated guidelines have created a deeply concerning wild west on how surveillance is implemented by different healthcare teams.

This inconsistency is resulting in a lack of confidence from patients in surveillance, who may instead opt to have treatment they may not have ever needed, risking harmful side effects.



'Programmes for active surveillance that are standardised and individualised to a man's risk factors have been tested and proven to work.'

The Daily Mail is campaigning for a national prostate cancer screening programme, initially targeted at high risk men.

**Commentary by Lord Darren Mott OBE**

1 in 8 men will get prostate cancer. It's now the most diagnosed cancer in England.

It's more important than ever to make prostate cancer treatment and care a priority.

When people think of cancer, most will likely assume it needs treatment.

But no two prostate cancers are the same, and for some men, their cancer is unlikely to spread or harm them, and can stay this way for many years. For these men, treatment might not be the best option. Instead, these men can be monitored with regular tests.

This is called active surveillance.

Avoiding treatment means avoiding potential side effects, such as urinary incontinence and erectile dysfunction.

However, right now in England, outdated guidelines from the National Institute for Health and Care Excellence (NICE) mean fewer men are avoiding treatment than could be.

NICE's guidelines for active surveillance have not been updated since 2021.

In that time, huge improvements have been made in diagnosis which make active surveillance safer, and new research means doctors can tell more easily which cancers are more likely to spread.

But the guidelines remain unchanged and have fallen behind clinical practice. They also contradict NHS guidelines.

To understand the scale of the problem, Prostate Cancer UK submitted a freedom of information (FOI) request to UK hospitals.

The results are stark: just a quarter (24%) of hospitals use NICE guidelines exclusively for active surveillance.

The FOI identified that 35 hospitals had created their own guidelines for active surveillance.

Clearly, NICE's outdated guidelines are contributing to national inconsistency and confusion.

This has created a postcode lottery across the country, with some men more likely to be overtreated depending on where they live.

Prostate cancer remains the only common cancer without a screening programme.

The National Screening Committee will reach a decision this year, following evidence submitted by Prostate Cancer UK. Whatever the decision, the ultimate goal must be a national screening programme for all men at risk.

**Mail Online**

# ဘက်ထရီအဟောင်းများမှသည် စွမ်းအင်စနစ်အသစ်ဆီသို့



ကျွန်တော်တို့အနေနဲ့ ဘက်ထရီတွေကို သုံးပြီးလို့ အားကုန်သွားပြီဆိုရင် လုပ်တတ်တဲ့အရာတစ်ခုက လွှင့်ပစ်လိုက်တာပါပဲ။ တကယ်တော့ အဲဒီလိုမျိုးလွှင့်ပစ်ခြင်းက စွမ်းအင်အရင်းအမြစ်တစ်ခုကို အလဟဿဖြစ်သွားစေနိုင်သလို သဘာဝပတ်ဝန်းကျင်ကိုလည်း ညစ်ညမ်းမှုတွေဖြစ်စေနိုင်ပါတယ်။ ဒါဆိုရင် ကျွန်တော်တို့အနေနဲ့ အဲဒီဘက်ထရီတွေကို ဘယ်လိုပြန်သုံးလို့ရနိုင်မလဲဆိုတာ နည်းလမ်းရှာရပါမယ်။ အဓိကကတော့ စွမ်းအင်အရင်းအမြစ်တစ်ခုကို အကြောင်းမဲ့အဆုံးရှုံးမခံနိုင်သလို ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း မဖြစ်ပေါ်စေလိုတဲ့အတွက်ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံ နယူးဂျာဆီပြည်နယ်အခြေစိုက် Princeton NuEnergy ဆိုတဲ့ကုမ္ပဏီက တောင်ကာရိုလိုင်းနားပြည်နယ် ချက်စတာမြို့မှာ ဘက်ထရီကို ပြန်လည်အသုံးပြုနိုင်တဲ့စက်ရုံတစ်လုံးကို ဖွင့်လှစ်လိုက်ပါတယ်။ အဲဒီစက်ရုံက ဘက်ထရီအတွက် လိုအပ်တဲ့ ကုန်ကြမ်းပစ္စည်းများကို အမြောက်အမြားထုတ်လုပ်ပေးမယ့် အမေရိကန်ရဲ့ပထမဆုံးသောစက်ရုံကြီးဖြစ်ပါတယ်။ ဒီလိုမျိုး ဘက်ထရီအတွက် ကုန်ကြမ်းပစ္စည်းတွေထုတ်လုပ်ဖို့ သူတို့အသုံးပြုတဲ့ ကုန်ကြမ်းပစ္စည်းများက ဘက်ထရီအဟောင်းများဖြစ်ပါတယ်။ အဲဒီဘက်ထရီအဟောင်းတွေကနေ ဘက်ထရီအတွက် လိုအပ်တဲ့ကုန်ကြမ်းပစ္စည်း ၉၇ ရာခိုင်နှုန်းကို ပြန်လည်ထုတ်လုပ်နိုင်နေတာဖြစ်ပါတယ်။

"အမေရိကန်ပြည်ထောင်စုရဲ့မူဝါဒက ပိုမိုစိတ်ချရမှုရှိတဲ့ ပြည်တွင်းစွမ်းအင်ပစ္စည်းထုတ်လုပ်ရောင်းချမှုကွင်းဆက်ကို ဖန်တီးဖို့အတွက် အဓိကဦးတည်ထားပါတယ်။ ဒီလိုမျိုးဦးတည်ချက်အတိုင်းလျှောက်လှမ်းတဲ့နေရာမှာ Princeton NuEnergy ကုမ္ပဏီက အကောင်းဆုံးသောနည်းပညာနဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များမှာ ရှေ့ပြေးကုမ္ပဏီတစ်ခုဖြစ်လာနေပါပြီ" လို့ ကုမ္ပဏီတည်ထောင်သူနဲ့အမှုဆောင်အရာရှိချုပ် ဒေါက်တာချောင်ယန်းကပြောပါတယ်။

အခုလိုမျိုး ဘက်ထရီအဟောင်းတွေကနေ ဘက်ထရီအသစ်တွေအတွက် လိုအပ်တဲ့ကုန်ကြမ်းပစ္စည်းများထုတ်လုပ်ရာမှာ ဘေးကင်းလုံခြုံမှုကသိပ်ကိုအရေးကြီးပါတယ်။ အခန့်မသင့်ရင်ပေါက်ကွဲမှုတွေအထိဖြစ်နိုင်ပါတယ်။ ဒါကြောင့် တင်းကျပ်တဲ့စည်းမျဉ်းစည်းကမ်းများကို အမေရိကန်အစိုးရကချမှတ်ထားပါတယ်။ Princeton NuEnergy ကုမ္ပဏီက အဲဒီလိုမျိုးတင်းကျပ်တဲ့စည်းမျဉ်းစည်းကမ်းတွေကို အပြည့်အဝလိုက်နာပြီး စွမ်းဆောင်ရည်မြင့်မားတဲ့ ဘက်ထရီကုန်ကြမ်းပစ္စည်းများကို ထုတ်လုပ်ပေးနေတာပါ။

Princeton NuEnergy ကုမ္ပဏီကနေထုတ်လုပ်ပေးနေတဲ့ ကုန်ကြမ်းပစ္စည်းများအနက်တချို့ထဲမှာ လျှပ်စစ်အမခေါင်းများနဲ့အဖိုခေါင်းများက အဓိကနေရာကနေ ပါဝင်နေပါတယ်။ အဲဒီလျှပ်ခေါင်းတွေကို ဘက်ထရီထုတ်လုပ်မှုမှာ တစ်ခါတည်းတန်းသုံးနိုင်ပါတယ်။ ဒီအတွက်သူတို့က အပူချိန်နိမ့်ပြီး ပလာစမာအထောက်အပံ့ရှိတဲ့ ခွဲခြားမှုလုပ်ငန်းစဉ်ကို အသုံးပြုထားတာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ကြောင့် လျှပ်ခေါင်းတွေထုတ်လုပ်ရာမှာ ကုန်ကျစရိတ်ကို ၃၈ ရာခိုင်နှုန်းကျဆင်းစေပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုလည်း သမားရိုးကျနည်းလမ်းထက် ၆၉ ရာခိုင်နှုန်းလျှော့ချနိုင်တယ်လို့လည်းဆိုပါတယ်။ ဒါကြောင့် ဒီနည်းလမ်းဟာ လီအိုင်းယွန်းဘက်ထရီတွေကို ပြန်လည်အသုံးပြုခြင်းနဲ့ ကုန်ကြမ်းပစ္စည်းထုတ်လုပ်ရေးမှာ ပိုမိုသန့်ရှင်းမှုရှိသော၊ ပိုမိုမြန်ဆန်မှုရှိသော၊ ပိုမိုစိတ်ချရမှုရှိသော နည်းပညာတစ်ခုပဲဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# နျူကလီးယားစက်ရုံအဟောင်းကိုအသုံးပြုပြီး ဆိုလာပြားအတွက် ပိုလီဆီလီကွန်များထုတ်လုပ်



ဆိုလာပြားလိုအပ်ချက်က တစ်နေ့တခြားမြင့်မားလာပါတယ်။ အထူးသဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ပိုမိုငတ်မွတ်လာတဲ့ယနေ့ကမ္ဘာကြီးမှာ နေရောင်ခြည်စွမ်းအင်ကိုအသုံးပြုပြီး လူတွေအတွက်မရှိမဖြစ်လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်အသုံးပြုလာခြင်းကြောင့်ပဲဖြစ်ပါတယ်။ ဆိုလာပြားထုတ်လုပ်မှုလုပ်ဖို့အတွက် မြေနေရာလိုအပ်ချက်က အတော်အသင့်သာရှိတာပါ။ ဒါပေမဲ့ မြေနေရာအသစ်များကိုဖော်ထုတ်ခြင်းထက် မြေနေရာအဟောင်းများကို ပြန်လည်အသုံးပြုမယ်ဆိုရင် အလဟဿမဖြစ်တော့ဘူးပေါ့။

အခု အမေရိကန်ပြည်ထောင်စုမှာ Highland Materials ဆိုတဲ့ ပိုလီဆီလီကွန်ထုတ်လုပ်မှုကုမ္ပဏီအသစ်က အသုံးမပြုတော့ဘဲစွန့်ပစ်ထားတဲ့နေရာတစ်ခုကို ဆိုလာပြားထုတ်လုပ်ရေးစက်ရုံတစ်လုံးတည်ဆောက်ဖို့အတွက် လုပ်ဆောင်နေပါပြီ။ အဲဒီနေရာကတော့ ဟောကင်းခရိုင်မှာရှိတဲ့ ဖစ်ဘန်းနျူကလီးယားဓာတ်အားပေးစက်ရုံပဲဖြစ်ပါတယ်။ ဒီနေရာမှာ ကုမ္ပဏီကဆိုလာပြားတွေအတွက်လိုအပ်တဲ့ ပိုလီဆီလီကွန်တွေကို အဓိကထုတ်လုပ်သွားမှာဖြစ်ပါတယ်။

အမေရိကန်စွမ်းအင်ဝန်ကြီးဌာနရဲ့ထုတ်ပြန်ချက်အရဆိုရင် Highland Materials ရဲ့စက်ရုံက တစ်နှစ်ကို ပိုလီဆီလီကွန်တန်ချိန် ၁၆၀၀၀ အထိထုတ်လုပ်နိုင်မှာဖြစ်ပြီး ဈေးနှုန်းကလည်း သတ်မှတ်ဈေးနှုန်းထက်ကိုနည်းပါးမှာဖြစ်တယ်လို့သိရပါတယ်။ စက်ရုံလည်ပတ်ပြီးလေးနှစ်အတွင်းမှာ သူတို့ဆီကနေထုတ်လုပ်နိုင်တဲ့ ပိုလီဆီလီကွန်ပမာဏက တန်ချိန်ပေါင်း ၂၀၀၀၀ အထိ ရှိလာမှာပါ။ ဒီပမာဏဟာ လျှပ်စစ်ဓာတ်အား ၁၁ ဂစ်ဂါဝပ်အထိ ထုတ်လုပ်နိုင်မယ့်ဆိုလာပြားအရေအတွက်နဲ့ညီမျှပါတယ်။

Highland Materials ကထုတ်လုပ်မယ့် ပိုလီဆီလီကွန်တွေကို မျိုးဆက်သစ်စနစ်ဖြစ်ပြီး စွမ်းအင်သုံးစွဲမှုချွေတာနိုင်မယ့် ထုတ်လုပ်ရေးနည်းလမ်းအသုံးပြုထုတ်လုပ်သွားမှာပါ။ အထူးသဖြင့် အလူမီနီယံ-ဆီလီကွန်သတ္တုစပ်သန့်စင်စနစ်နဲ့ထုတ်လုပ်သွားမှာဖြစ်ပါတယ်။ ဒီစနစ်က မသန့်စင်ရသေးတဲ့ဆီလီကွန်တွေကို သန့်စင်တဲ့အလူမီနီယံတွေနဲ့ပေါင်းစပ်ကာ မီးအေးအေးနဲ့အရည်ပျော်စေခြင်းဖြစ်ပါတယ်။

ဒီနည်းလမ်းကိုအသုံးပြုခြင်းကြောင့် စွမ်းအင်ကိုအသုံးပြုမှုကလည်း ပိုလီဆီလီကွန်တစ်ကီလိုဂရမ်ကိုမှ လျှပ်စစ်ဓာတ်အား ၂၀ မှ ၄၀ ကီလိုဝပ်နာရီသာရှိမှာပါ။ ဒါဟာ သမားရိုးကျနည်းနဲ့ပိုလီဆီလီကွန်ထုတ်လုပ်မှုထက် ပိုမိုနည်းပါးပေမယ့် အရည်အသွေးပိုင်းမှာတော့ ထိပ်တန်းအဆင့်ကိုရရှိစေမှာဖြစ်တဲ့အပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း ကောင်းစွာလျှော့ချနိုင်မှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# ဥရောပတစ်ဝန်းအပူလှိုင်းဖြတ်မှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် တောမီးလောင်မှုမြင့်တက်၊ နေအိမ်နှင့်စက်ရုံများစွာမီးလောင်ကျွမ်း




**မက်ဒရစ်၊ သဘာဝဘေး**

ဥရောပတောင်ပိုင်းဒေသတစ်ဝန်းတွင် အပူလှိုင်းဖြတ်မှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် တောမီးလောင်မှုများပိုမိုဆိုးဝါးလာလျက်ရှိပြီး ဩဂုတ်လ ၁၃ ရက်တွင် နေအိမ်၊ လယ်ယာစိုက်ခင်းနှင့် စက်ရုံများစွာတို့မှာ မီးလောင်ကျွမ်းခံရသည့်အပြင် ဒေသခံပြည်သူများနှင့် ခရီးသွားထောင်ပေါင်းများစွာမှာ ဘေးလွတ်ရာထွက်ပြေးရကြောင်း သိရသည်။

ဂရိနိုင်ငံ ပတ်တရာမြို့တွင် သံလွင်ပင်များကိုဖြတ်သန်းလောင်ကျွမ်းလာသောတောမီးကြောင့် ဘိလပ်မြေစက်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားကြောင်း၊ ထိုကဲ့သို့ တောမီးလောင်မှုကြောင့် မီးရထားခရီးစဉ်များလည်း ဖျက်သိမ်းထားရကြောင်း တာဝန်ရှိသူများကပြောသည်။

"မြင်နေတွေ့နေရာတွေအားလုံးက ဘာနဲ့တူလဲဆိုရင် ကမ္ဘာပျက်နေသလိုမျိုးမြင်ကွင်းအတိုင်းပါပဲ" ဟု ဂရိနိုင်ငံ အေသင်မြို့မှနေ၍ ပတ်တရာမြို့သို့လာရောက်ကူညီပေးသူ ဂျော်ဂျေ့ါကာဗာနစ်ကပြောသည်။

အလားတူ စပိန်နိုင်ငံတွင် စေတနာ့ဝန်ထမ်းမီးသတ်သမားတစ်ဦးသည်ပြင်းထန်မီးလောင်ဒဏ်ရာများဖြင့် သေဆုံးသွားပြီး အများအပြားမှာ ဆေးရုံတက်ရောက်၍ ကုသမှုများခံယူနေရသည်။ တစ်ချိန်တည်းမှာပင် စပိန်တစ်နိုင်ငံလုံးနီးပါးသည် ပြင်းထန်သောမီးလောင်မှုနှင့် ရင်ဆိုင်ကြုံတွေ့ရဖွယ်ရှိကြောင်း မိုးလေဝသဌာနကသတိပေးထားသည်။ စပိန်ပတ်ဝန်းကျင်ရေးရာဝန်ကြီးကမူ ယခုကဲ့သို့တောမီးလောင်မှုသည် ရှို့မီးကြောင့်ဖြစ်နိုင်သော်လည်း ထိုသို့ခိုင်ခိုင်မာမာပြောရန်စောနေသေးသည်ဟုပြောထားကြောင်းသိရသည်။

Ref: ST

# အိန္ဒိယ၏ ဖရီးဂိတ်စစ်ရေယာဉ်နှစ်စင်း ယခုလတွင်တပ်တော်ဝင်မည်

**နယူးဒေလီ၊ စစ်ရေး**

အိန္ဒိယနိုင်ငံက ပြည်တွင်းဖြစ်ဖရီးဂိတ်စစ်ရေယာဉ်နှစ်စင်းသည် ယခုလတွင်တပ်တော်ဝင်မည်ဖြစ်ကြောင်း၊ ထိုသို့အမျိုးအစားတူစစ်ရေယာဉ်နှစ်စင်းကို တစ်ပြိုင်နက်တည်းတပ်တော်သွင်းခြင်းသည် အိန္ဒိယနိုင်ငံ၏ ပင်လယ်ရေကြောင်းရည်မှန်းချက်များကိုအကောင်အထည်ပေါ်စေမည်ဖြစ်သည့်အပြင် ပြိုင်ဘက်နိုင်ငံများကိုလည်း သတိပေးရာရောက်မည်ဖြစ်ကြောင်း လေ့လာသူများကပြောသည်။



INS Udaygiri နှင့် INS Himgiri အမည်ရှိ စစ်ရေယာဉ်နှစ်စင်းကို ဩဂုတ်လ ၂၆ ရက်တွင် အိန္ဒိယနိုင်ငံအရှေ့ပိုင်းရှိ ဝိသာခါပတ်တနမ်မြို့၌ တပ်တော်သွင်းသွားမည်ဖြစ်သည်။ ယင်းဖရီးဂိတ်စစ်ရေယာဉ်နှစ်စင်းကို သင်္ဘောကျင်းတစ်ခုစီတွင်တည်ဆောက်ခြင်းဖြစ်ကြောင်း၊ သို့သော် ယင်းသင်္ဘောနှစ်စင်းစလုံးသည် အိန္ဒိယနိုင်ငံ၏ အဆင့်အမြင့်ဆုံးသော ကိုယ်ပျောက်ဖရီးဂိတ်အစီအစဉ်ဖြစ်သည့် Project 17A ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်သည် အိန္ဒိယနိုင်ငံ၏ပြည်တွင်းဖြစ် သင်္ဘောတည်ဆောက်ရေးလုပ်ငန်း၌ ရှေ့ပြေးမှုကိုကိုယ်စားပြုနေကြောင်း လေ့လာသူများကပြောသည်။

ထိုသင်္ဘောနှစ်စင်းသည် လေကြောင်းရန်ကာကွယ်ရေးတာဝန်နှင့် ပြည်ပတာဝန်ထမ်းဆောင်ရေးတို့ကို အဓိကဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေ့လာသူများကပြောထားသည်။

Ref: SCMP

# ဂါဇာမြို့ကို အစ္စရေးတိုက်ခိုက်မှု လူပေါင်း ၁၂၃ ဦး သေဆုံး

**ဂါဇာ၊ စစ်ရေး**

အစ္စရေးစစ်ဘက်က ဂါဇာမြို့ကိုသိမ်းပိုက်မည့်အစီအစဉ်မစတင်မီ ဩဂုတ်လ ၁၃ ရက်တွင် တိုက်ခိုက်မှုလုပ်ဆောင်ရာ လူပေါင်း ၁၂၃ ဦးသေဆုံးကြောင်း ဂါဇာမြို့မှတာဝန်ရှိသူများကပြောသည်။

ဟားမက်အဖွဲ့က အီဂျစ်နိုင်ငံမှစေ့စပ်ညှိနှိုင်းရေးတာဝန်ရှိသူများနှင့် ဆွေးနွေးမှုများလုပ်ဆောင်နေစဉ် အစ္စရေးက ယခုကဲ့သို့တိုက်ခိုက်ခြင်းဖြစ်ပြီး ယခုသေဆုံးမှုသည် သီတင်းပတ်အတွင်း အစ္စရေးတို့၏တိုက်ခိုက်မှုကြောင့် လူသေဆုံးမှုအများဆုံးဖြစ်သည်။

အစ္စရေးအစိုးရသည် ဟားမက်အဖွဲ့နှင့် ပဋိပက္ခများစတင်ဖြစ်ပွားစဉ် အစောပိုင်းရက်များတွင်သိမ်းပိုက်နိုင်ခဲ့သော ဂါဇာမြို့ကိုပြန်သိမ်းရန် ဆုံးဖြတ်ချက်ချမှတ်ထားပြီး တစ်ဖက်တွင်လည်း အစ္စရေး၏လိုလားချက်ကိုလိုက်လျောပါက ထိုဆုံးဖြတ်ချက်ကိုပြင်ဆင်ပေးမည်ဟု အစ္စရေးတာဝန်ရှိသူများကပြောထားသည်။

Ref: ST

## သတင်းတိုကဏ္ဍ

### အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုများက လူသားမျိုးနွယ်စုအပေါ် ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ဟုဆို

အခြားနိုင်ငံများအပေါ် အနောက်နိုင်ငံများကချမှတ်သောပိတ်ဆို့မှုများသည် လူသားမျိုးနွယ်စုအပေါ် ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်အာရက်ချီက ဩဂုတ်လ ၁၃ ရက်တွင်ပြောသည်။

ထို့ကြောင့် အနောက်နိုင်ငံများ၏ ပစ်မှတ်ထားဒဏ်ခတ်ခံရသောနိုင်ငံများက စုပေါင်းညီညာမှုဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း အဘတ်အာရက်ချီက လူမှုကွန်ရက်တွင်ရေးထားသည်။

ယင်းကဲ့သို့ ဒဏ်ခတ်မှုများသည် သွေးမြေမကျသောစစ်ပွဲဖြစ်သည်ဟု ပြောဆိုမှုများရှိကြောင်း၊ သို့သော် မကြာသေးမီကထုတ်ပြန်သည့် The Lancet medical ဂျာနယ်တွင် ထိုသို့ပြောဆိုမှုများနှင့်ပတ်သက်၍ ငြင်းဆိုထားကြောင်း အာရက်ချီကဆက်ပြောသည်။

အနောက်နိုင်ငံများက တစ်ဖက်သတ်ပိတ်ဆို့မှုများချမှတ်ခြင်းသည် စစ်ပွဲဆင်နွှဲခြင်းနှင့်အတူတူပင်ဖြစ်ကြောင်း၊ ၁၉၇၀ ပြည့်နှစ်မှစ၍ ထိုသို့ပိတ်ဆို့မှုများကြောင့် နှစ်စဉ်လူပေါင်း ငါးသိန်းကျော်သေဆုံးခဲ့ကြောင်း ၎င်းကပြောသည်။ Ref: Sputnik

### အမေရိကန်-တရုတ်ဆက်ဆံရေးက ၂၁ ရာစုကို အဓိပ္ပာယ်သတ်မှတ်ပေးမည်ဟု ရူဘီယိုပြော

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့ကြားဆက်ဆံရေးသည် ၂၁ ရာစုကို အဓိပ္ပာယ်သတ်မှတ်ပေးမည်ဖြစ်ကြောင်းနှင့် ထိုအခြေအနေသည် အကြီးဆုံးသောစိန်ခေါ်မှုဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက ဩဂုတ်လ ၁၂ ရက်တွင်ပြောသည်။

"ဒါက မိမိတို့တွေ့ကြုံနေရတဲ့ အကြီးမားဆုံးသောစိန်ခေါ်မှုပါပဲ။ ဘာကြောင့်လဲဆိုရင် အမေရိကန်နဲ့တရုတ်နိုင်ငံတို့ကြားမှာရှိတဲ့ဆက်ဆံရေးက ၂၁ ရာစုကို အဓိပ္ပာယ်သတ်မှတ်ပေးမှာဖြစ်တဲ့အတွက်ဖြစ်ပါတယ်" ဟု မာကိုရူဘီယိုက အင်တာဗျူးတစ်ခုတွင်ပြောထားခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့က နည်းပညာ၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ စစ်ရေး၊ ထောက်လှမ်းရေးနှင့် ပထဝီနိုင်ငံရေးတို့အပါအဝင် နယ်ပယ်များစွာတွင်ယှဉ်ပြိုင်နေကြသူများဖြစ်ကြောင်း ရူဘီယိုက မှတ်ချက်ပြုပြောသည်။ ထို့ပြင် အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံမှထွက်ကုန်များအပေါ်မှီခိုနေရမှုကိုလျှော့ချရန်လုပ်ဆောင်နေကြောင်း ရူဘီယိုကပြောထားသည်။

Ref: Sputnik

### ပူတင်နှင့်ထရမ့်တို့တွေ့ဆုံမည့်နေရာအတိအကျကို ထုတ်ပြန်လာ

ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့က ဩဂုတ်လ ၁၅ ရက်တွင် အလက်စကာဒေသ၌ တွေ့ဆုံဆွေးနွေးမှုလုပ်မည်ဖြစ်ကြောင်း ထုတ်ပြန်ထားသော်လည်း တွေ့ဆုံမည့်နေရာအတိအကျကိုမူ ယခုမှထုတ်ပြန်လာပြီဖြစ်ကြောင်းသိရသည်။

အဆိုပါကမ္ဘာ့ခေါင်းဆောင်နှစ်ဦးသည် အလက်စကာဒေသ၏ အန်ကားရေ့မြို့ရှိ အယ်မန်ဒေ့ါ-ရစ်ချတ်ဆန်စစ်အခြေစိုက်စခန်း၌ တွေ့ဆုံဆွေးနွေးမှုကိုလုပ်ဆောင်မည်ဖြစ်ကြောင်း၊ လုံခြုံရေးဆိုင်ရာအခြေအနေများကြောင့် ယင်းနေရာကိုရွေးချယ်ရခြင်းဖြစ်ကြောင်း အိမ်ဖြူတော်မှတာဝန်ရှိသူများ၏ပြောဆိုမှုကိုကိုးကား၍ CNN သတင်းဌာနကဖော်ပြထားသည်။

ယခုအချိန်သည် အလက်စကာဒေသ၌ခရီးသွားရာသီဖြစ်သောကြောင့် ကမ္ဘာ့ထိပ်သီးခေါင်းဆောင်နှစ်ဦးတွေ့ဆုံမှုလုပ်ဆောင်နိုင်မည့် စိတ်အချရဆုံးနေရာမရှိသောကြောင့် ယခုစစ်စခန်းကိုရွေးချယ်ရခြင်းဖြစ်ကြောင်းသိရသည်။ Ref: RT

### ဂျပန်နိုင်ငံက တစ်ပတ်ရစ်ဖျက်သင်္ဘောများကို ဖိလစ်ပိုင်နိုင်ငံသို့ပေးရန်စဉ်းစားနေ

ဂျပန်နိုင်ငံသည် ၎င်းတို့အသုံးပြုထားသည့် တစ်ပတ်ရစ်ဖျက်သင်္ဘောများကို ဖိလစ်ပိုင်နိုင်ငံသို့ပေးအပ်တင်ပို့နိုင်ရေး စဉ်းစားနေကြောင်း အစိုးရတာဝန်ရှိသူများက ဩဂုတ်လ ၁၃ ရက်တွင်ပြောသည်။

ဖိလစ်ပိုင်နိုင်ငံသို့ ပေးအပ်ရန်စဉ်းစားနေသည့်ဖျက်သင်္ဘောများမှာ Abukuma အမျိုးအစားသင်္ဘောများဖြစ်သည်။ ဇွန်လတွင် စင်ကာပူနိုင်ငံ၌ အရှေ့တောင်အာရှနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများတွေ့ဆုံစဉ် ယခုကဲ့သို့ပေးပို့ရန်ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဂျပန်နိုင်ငံသည် ၎င်းတို့၏ဖျက်သင်္ဘောများကို ဖိလစ်ပိုင်နိုင်ငံကိုသာမက အင်ဒိုနီးရှားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သို့လည်းတင်ပို့နိုင်ရန် စဉ်းစားနေကြောင်း သတင်းအရင်းအမြစ်များကပြောသည်။

အကယ်၍ ထိုဖျက်သင်္ဘောများကို ပေးမည်ဆိုပါက နှစ်နိုင်ငံကြားပူးပေါင်းထုတ်လုပ်ထားသည့် ထုတ်ကုန်အဖြစ် ကြီးမားသောပြောင်းလဲမှုများလုပ်ဆောင်နိုင်ရေးကိုလည်း စီစဉ်ထားသည်ဟု တာဝန်ရှိသူများကပြောထားသည်။

Ref: ST

# ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကျင်းပ



ပုသိမ် ဩဂုတ် ၁၃

၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ ကိုယ်ဝန်ဆောင်များ၊ မိခင်များနှင့် ကလေးငယ်များတက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှုဗီဒီယိုပြသမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ထံ Global Earth Agro & Aqua Industry Public Co., Ltd. ကိုယ်စား တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေများပေးအပ်၍ စံပြမိခင်ဆုရရှိသူများအား ဆုများပေးအပ်ပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက ကလေးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေဆေးဝါးနှင့် ကိုယ်ဝန်ဆောင်မိခင်များအားအဏုအာဟာရဆေးဝါးများတိုက်ကျွေးကာ ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပုသိမ်မြို့ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော KG ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးနေမှုများကို ကြည့်ရှုအားပေးပြီး မြို့တော်ခန်းမ၌ပြုလုပ်သည့်ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် တန်ဖိုးသင့်အာဟာရ အချက်အပြုတ်ပြိုင်ပွဲယှဉ်ပြိုင်ရန် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုအားပေး၍ အာဟာရပြည့်ဝသည့် အစားအစာများဖြစ်စေရေးနှင့် သန့်ရှင်းလတ်ဆတ်မှုရှိစေရေးမှာကြားခဲ့ကြောင်း သိရသည်။

**မူမူအေး**

# ပြည်သူများသို့ MEVM အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးဆောင်ရွက်မှု ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှု၊ အေရိုးဗစ်/ Fitness Dance ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားတက်ရောက်



လွိုင်ကော် ဩဂုတ် ၁၃

လွိုင်ကော်မြို့ ဒေါ်တမရပ်ကွက်နေပြည်သူများသို့ MEVM အသိပညာပေးခြင်းနှင့် စမ်းသပ်ဆန္ဒမဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အောင်သီဟရပ်ကွက် မင်္ဂလာဂန္ဓာရုံကျောင်းတိုက်ဓမ္မာရုံ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ပြည်နယ်ရွေးကောက်ပွဲအရာရှိက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အသုံးပြုပုံအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဝန်ထမ်းများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်ဆန္ဒမဲပေးရန် ကူညီဆောင်ရွက်ပေးနေမှုများနှင့် ပြည်သူများက စိတ်ပါဝင်စားစွာ လက်တွေ့ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးကာ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားများ ပြောကြားသည်။

MEVM အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းအား အောင်သီဟရပ်ကွက်နှင့် ရေနီကန်ကျေးရွာနေ ပြည်သူ ၃၀၀ ခန့်က ပါဝင်ဆောင်ရွက်ပြီး ပြည်နယ်အတွင်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ကယားပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း အေရိုးဗစ်/ Fitness Dance ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို လွိုင်ကော်မြို့ အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားရုံအမှတ်(၃)၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက အားကစားနှင့်ကာယပညာသိပ္ပံ(လွိုင်ကော်)ကျောင်းသူများ၏အေရိုးဗစ်သုံးဦးတွဲ လေ့ကျင့်သရုပ်ပြသမှုကိုကြည့်ရှုအားပေးပြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းအေရိုးဗစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် အေရိုးဗစ်အားကစားအသင်းများ ယှဉ်ပြိုင်မှုကို ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် အားကစားဝါသနာရှင်များက တစ်ခဲနက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် အေရိုးဗစ်နှင့် Fitness Dance ပြိုင်ပွဲဝင်အသင်းများက အာရှမြန်မာသီချင်းဖြင့် စုပေါင်းသရုပ်ပြဖျော်ဖြေကြပြီး ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ စတုတ္ထ၊ ပဉ္စမနှင့် နှစ်သိမ့်ဆုရရှိကြသည့်အသင်းများကို ပြည်နယ်ဝန်ကြီးများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲတစ်လျှောက် ပါဝင်ဆောင်ရွက်ပေးသည့် ဒိုင်လူကြီးများနှင့် အေရိုးဗစ်သုံးဦးတွဲ လေ့ကျင့်သရုပ်ပြ အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်ငွေများကို လူမှုရေးရာဝန်ကြီး၊ တတိယဆုရရှိသည့်အသင်းများကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဒုတိယဆုရရှိသည့်အသင်းများကို ပြည်နယ်တရားသူကြီးချုပ်တို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းအေရိုးဗစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် Fitness Dance ပြိုင်ပွဲတွင် ပထမဆုရရှိသည့် သူနာပြုနှင့်သားဖွားသင်တန်းကျောင်းအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုဖလားနှင့်ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခင်စောတင့်**

# မြိတ်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအိမ်ရာမှ စစ်သည်၊ မိသားစုဝင်များကို စားသောက်ဖွယ်ရာများပေးအပ်



**ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများပေးအပ်စဉ်။**

နေပြည်တော် ဩဂုတ် ၁၃

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအိမ်ရာမှစစ်သည်၊ မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြိတ်လေတပ်စခန်းဌာနချုပ် ရွာဟော့လူခန်းမ၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအိမ်ရာမှ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက်တိုင်းမှူးနှင့်တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် နယ်မြေခံတပ်မတော်ဆေးရုံမှ ဆေးတပ်ဖွဲ့ဝင်များက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များအား လိုအပ်သော ကျန်းမာရေးစစ်ဆေးကုသပေးခြင်း ဆောင်ရွက်ပေးမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(၁၀၀)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# နမ္မတီးမြို့ရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းများပေးအပ်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး



မြစ်ကြီးနား ဩဂုတ် ၁၃

ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးဌာနက ပံ့ပိုးမှုဖြင့် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ဒေသတွင်းတိုင်းရင်းသားလူငယ်များအတွက် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန၏ အမျိုးသမီးအခွင့်အရေး၊ အမျိုးသမီးဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွင့်လှစ်ပြသသည့် ဗီဒီယိုကလစ်ကို ကြည့်ရှုအားပေးကာ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်ပေးရခြင်းကို ရှင်းလင်းပြောကြား၍ ပြသထားသည့် အခြေခံစက်ချုပ်သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများနှင့် လက်မှုထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြစ်ကြီးနားမြို့မှ မိုးကောင်းမြို့နယ် နမ္မတီးမြို့သို့ သွားရောက်ပြီး နမ္မတီးမြို့တော်ခန်းမ၌ မိုးကောင်းမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့က ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များထောက်ပံ့ပေးအပ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မိုးကောင်းမြို့နှင့် နမ္မတီးမြို့တို့တွင် ထပ်မံတိမ်းရှောင်လာသော အိမ်ထောင်စု ၁၂၇ စုတို့အတွက် ဆန်အိတ် ၁၂၇ အိတ်၊ ဆီ ၁၂၇ ပိဿာ၊ ကြက်ဥနှင့်ခေါက်ဆွဲခြောက်ဖာများ၊ အိမ်ထောင်စုများမှ ကျောင်းသားကလေးများအတွက် ဗလာစာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ဘောပင်၊ ပေတံ စသည့် ကျောင်းသုံးပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ခန်းမအတွင်း မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကချင်ပြည်နယ်အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းတို့ပူးပေါင်း၍ အိမ်ထောင်စုများအတွက် အခမဲ့ကျန်းမာရေးစစ်ဆေးကုသပေးခြင်းနှင့် ဆေးဝါးများအခမဲ့ပေးခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နန့်လှိုင်ခေတ်မီစံပြကျေးရွာသို့သွားရောက်၍ ကျေးရွာအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ပထမနှစ်စက်ဝန်းမှ မတည်ငွေကျပ်သိန်း ၃၀၀ မတည်ပေးမှုဖြင့် ဝက်မွေးမြူရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက်လျက်ရှိသည့် ခြံသို့ သွားရောက်ပြီး ဝက်ပေါက်များထပ်မံမွေးမြူကာ စီးပွားဖြစ်ထွန်းနေမှုကိုကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးအထောက်အကူပြုဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နန့်လှိုင်ကျေးရွာဘေးရှိ မြတောင်ကွင်းသို့သွားရောက်ပြီး မြတောင်ကွင်းအတွင်းရှိ တောင်သူ ဦးမျိုးမျိုး၏ မိုးစပါးစိုက် လယ် ၅ ဧကအတွင်း ဒေသခံတောင်သူများက ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျအချိန်ကိုက်ရောစပ်ကြဲပက်ခြင်း တောင်သူအသိပညာပေးကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း**

# အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ တိုင်းဒေသကြီးအဆင့် အထိမ်းအမှတ်အခမ်းအနားကျင်းပ

မုံရွာ ဩဂုတ် ၁၃

၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များတိုင်းဒေသကြီးအဆင့်အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မုံရွာမြို့ပေါ်ရှိ မူလတန်းကြိုကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။


ယင်းနောက် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက စံပြမိခင်ဆု ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသူများက ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအထိမ်းအမှတ်အဖြစ် "ကိုယ်ဝန်ဆောင်ကာလ အာဟာရပြည့်ပြည့်ဝဝစားကြစို့" Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မူလတန်းကြိုကျောင်းများမှ အသက် ၅ နှစ်အောက် ကလေးငယ်များကို အင်အားပြည့်ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်မိခင်များကို အဏုအာဟာရဆေးပြားနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**အေးသန္တာ**

# မော်လမြိုင်မြို့ အဆင့်မြင့်ငါးဈေးသစ်အတွင်း မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ကြည့်ရှု



မော်လမြိုင် ဩဂုတ် ၁၃

မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရတနာထွန်းငါးဈေးမှာ မြို့၏ အဓိကလမ်းမကြီးဖြစ်သည့် ကမ်းနားလမ်းအဆုံးတွင် တည်ရှိပြီး အနံ့အသက်များထွက်ခြင်း၊ ရေသုံးစွဲမှုများပြားခြင်းကြောင့် လမ်းများပေါက်ပြဲပျက်စီးလာသည့်အတွက် ဇွန်လ ၂၀ ရက်မှစတင်ကာ မုပွန်တိုးချဲ့အိမ်ရာကွက် အဆင့်မြင့်ငါးဈေးသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သားငါးဈေးတန်းများတွင် ဈေးသူ၊ ဈေးသားများ လွတ်လပ်အေးချမ်းစွာ ဈေးရောင်းချနိုင်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က မော်လမြိုင်မြို့ကမ်းနားလမ်းရှိ ရတနာထွန်း သား၊ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများရောင်းချသည့်ဈေးမှာ မြို့အတွင်းတွင်ရှိသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများကြုံတွေ့ရခြင်း၊ လူနေရပ်ကွက်နှင့်နီးစပ်ခြင်း၊ အမှိုက်နှင့် အနံ့အသက်ဆိုးများ ကင်းဝေးစေရန်အတွက် ယခုနေရာတွင် အဆင့်မြင့်ငါးဈေးသစ်တည်ဆောက်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ မော်လမြိုင်ငါးဈေးသစ်ကြီးအတွင်း ငါးရောင်းချရာတွင် မရှိမဖြစ်လိုအပ်သည့် ရေခဲစက်နှင့် ငါးများသိုလှောင်ထားရှိရန် အအေးခန်းစက်ရုံတည်ဆောက်လာပါက အဆင့်မြင့်ငါးဈေးသစ်ကြီးလုပ်ငန်းလည်ပတ်မှုမှာ မြန်ဆန်လွယ်ကူလာမည်ဖြစ်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်သည့်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းမှာကြားပြီး ဈေးသူ၊ ဈေးသားများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# နိုင်ငံခြားငွေများဝယ်ယူရောင်းချလဲလှယ်ပေးခွင့် လိုင်စင်ရကုမ္ပဏီများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၃

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၊ ရှမ်းပြည်နယ် တာချီလိတ်မြို့၊ ကရင်ပြည်နယ် မြဝတီမြို့နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့တို့ရှိ နိုင်ငံခြားငွေများဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင် (Money Changer License) ရကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးကို နေပြည်တော်ရှိမြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ Hybrid ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံခြားငွေများဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရကုမ္ပဏီများအနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းနှင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအား တိကျစွာလိုက်နာဆောင်ရွက်နိုင်ရေး၊ စည်းကမ်းလိုက်နာမှုမရှိသည့်ကုမ္ပဏီများအနေဖြင့် အရေးယူခံရနိုင်သည့်အခြေအနေများ၊ ထုတ်ပြန်ထားသော နိုင်ငံခြားငွေများဝယ်ယူရောင်းချလဲလှယ်ခွင့်လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက် (၅/၂၀၂၄) အတိုင်း လိုက်နာဆောင်ရွက်ရန်လိုအပ်မှု၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်ကိစ္စရပ်များ၊ နိုင်ငံခြားငွေကြေးဈေးကွက်တည်ငြိမ်မှုရှိစေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည့်ကိစ္စရပ်များ၊ ဒေသတွင်းအခြေအနေနှင့် အခက်အခဲများအပေါ် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ မသမာသူများ၏ အသုံးချမှုမခံရစေရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရကုမ္ပဏီများက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြပြီး သိရှိလိုသည့်မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ပဲခူးမြို့၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကျင်းပ

ပဲခူး ဩဂုတ် ၁၃

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်ပေးသည်။



ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက လူတိုင်း သက်ရှည်ကျန်းမာပြီး ရောဂါဘယကင်းရှင်းရေးအတွက် အာဟာရပြည့်ဝမျှတဖို့သည် အဓိကအခြေခံကျသည့် လိုအပ်ချက်ဖြစ်ကြောင်း၊ အာဟာရချို့တဲ့ခြင်းသည် ကျန်းမာရေးပြဿနာအတော်များများ၏ အခြေခံအကြောင်းရင်းဖြစ်ပြီး လူတိုင်း အာဟာရပြည့်ဝမျှတမှသာ သက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်သွားနိုင်မည်ဖြစ်ကြောင်း၊ ဩဂုတ်လအတွင်း "မိခင်နို့ စနစ်တကျတိုက်ကျွေးရေး"၊ "ငါးနှစ်အောက်ကလေးများနှင့်ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး"၊ "ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအာဟာရဖွံ့ဖြိုးရေး"နှင့်"အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး"တို့ကို အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အထက်တန်းအဆင့်ဆုရ ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်စိုးစိုးသက်က ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အလယ်တန်းအဆင့်ဆုရ ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် မူလတန်းကျောင်းသား၊ ကျောင်းသူလေးများက "စိတ်လှဖို့လိုတယ်" သီချင်းဖြင့် တေးသရုပ်ဖော်တင်ဆက်ကြပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ (Video clip)အား ကြည့်ရှုခဲ့ကြသည်။

၎င်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများက ပြသထားသည့် ပြခန်းငယ်အား လှည့်လည်ကြည့်ရှုခဲ့ကြပြီး အသက် ငါးနှစ်အောက်ကလေးများအား အင်အားပြည့်ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးကာလက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရဆေးဝါးများနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ကြကြောင်း သိရသည်။

၄၀၁၊ တင်စိုး(ပဲခူး)

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air –FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၁၅-၈-၂၀၂၅)ရက်(သောကြာနေ့)ညတွင် မိုးရာသီနှင့်သက်ဆိုင်သည့် ခေတ်ပေါ်စတီဒီယိုတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များ စုပေါင်း၍ **"မိုးစက်လေးများ"**တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်-

(၁၅-၈-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ **"မိုးစက်လေးများ"** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၂)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ဒေဝါမိုးလေးဝင့်လည်မယ် | ပြင်ပအဆိုရှင် |
| ၂။ | မိုး | ပြင်ပအဆိုရှင် |
| ၃။ | မိုး | ပြင်ပအဆိုရှင် |
| ၄။ | မိုးရာသီထဲ | ပြင်ပအဆိုရှင် |
| ၅။ | လေပြေ | တူယှဉ်နွဲပျော်ဂီတပွဲတော်ဆုရအဆိုရှင် |
| ၆။ | ယောက်ဖရေ | တူယှဉ်နွဲပျော်ဂီတပွဲတော်ဆုရအဆိုရှင် |
| ၇။ | ရွာသာရွာပါမိုး | ဌာနအဆိုရှင် |
| ၈။ | အချစ်သည်လေပြေ | တူယှဉ်နွဲပျော်ဂီတပွဲတော်ဆုရအဆိုရှင် |
| ၉။ | အလွမ်းမိတ်ဆွေ | တူယှဉ်နွဲပျော်ဂီတပွဲတော်ဆုရအဆိုရှင် |
| ၁၀။ | မိုးစက်လေးများ | ပြင်ပအဆိုရှင် |
| ၁၁။ | ကြယ်စင်မိုး | ဌာနအဆိုရှင် |
| ၁၂။ | ခေတ်ပြားဟောင်းတစ်ချပ် | ပြင်ပအဆိုရှင် |

## ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၃

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေအမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရေမှတ်အထက်သို့ ၂ ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၂ လက်မခန့်တွင်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေအမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နှင့်မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်၊ ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန်နှင့်မိုးကောင်းမြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့်ချောင်းရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၂˚c |
| ရန်ကုန် | ၂၄˚c | / | ၃၃˚c |
| မန္တလေး | ၂၆˚c | / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Iori Kato အား ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Iori Kato အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် IOM တို့အကြား နှစ်ပေါင်း ၂၀ ကြာ လုပ်ငန်းပူးပေါင်းဆောင်ရွက်ခဲ့မှု၊ မန္တလေးငလျင်ဘေးသင့်သူများအား IOM မှ အရေးပေါ်အကူအညီပေးအပ်နိုင်ရေးအတွက် ဝန်ကြီးဌာနမှညှိနှိုင်းဆောင်ရွက်ပေးမှု၊ ဝန်ကြီးဌာနနှင့် IOM အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေးနှင့် ငလျင်ဘေးသင့်ဒေသများတွင် ဆက်လက်အကူအညီများပေးအပ်နိုင်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ IOM ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Daihei Mochizuki၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် IOM ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

## မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၁၃

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးပိုလာနိုင်သည်။

(မိုး/ဇလ)

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၃

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများ၏ "ပညာရည်ချွန် လူရည်မွန်" သီချင်းဖြင့် အခမ်းအနား စတင်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြား၍ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆုချီးမြှင့်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအနက် တစ်နိုင်ငံလုံးအမှတ်အများဆုံး ရရှိသူစာရင်းဝင် သိပ္ပံတွဲ ခြောက်ဦး၊ ဝိပ္ပံတွဲ နှစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး အမှတ်အများဆုံး သိပ္ပံတွဲ လေးဦး၊ ဝိပ္ပံတွဲ သုံးဦးနှင့် ဝိဇ္ဇာတွဲ သုံးဦးတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် တက္ကသိုလ်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အောင်ချက်အကောင်းဆုံး မြို့နယ်များ၊ အောင်ချက်အကောင်းဆုံး အထက်တန်းကျောင်းများ၊ အထက်တန်းကျောင်း(ခွဲ)များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အောင်မြင်သူများအနက် ခြောက်ဘာသာဂုဏ်ထူးရှင် ၅၇ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၅၃ ဦးတို့အား တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။



ထို့နောက် လေးဘာသာ ဂုဏ်ထူးရှင် ၃၂၂ ဦး၊ သုံးဘာသာ ၆၀၀ ဦး၊ နှစ်ဘာသာ ၉၆၅ ဦးနှင့် တစ်ဘာသာ ၁၅၇၇ ဦးတို့အား ခရိုင်အလိုက် ပြန်လည်ချီးမြှင့်ရန် ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ခရိုင်ပညာရေးမှူးများထံ ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများကိုပေးအပ်သည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက "ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်သစ်ဆီသို့" သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်းသိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြော

ဖဲ ဩဂုတ် ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ရင့်ရှည်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ယနေ့တွင် အားကစားနှင့်လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ ရင့်ရှည်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှစမ်းက အမှာစကားပြောကြား၍ ငဖဲမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက လူငယ်နှင့်ဗလငါးတန်ဖွံ့ဖြိုးရေးသိကောင်းစရာများနှင့်ကျောင်းစာသာမက သုတ၊ ရသစာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုကြရန် စသည်တို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်နန်းသီတာထွေးက အားကစားနည်းအမျိုးအစားများ၊ လူငယ်နှင့်အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

မယု(ငဖဲ)




**ပျောက်ဆုံးကြောင်း**
ပွင့်ဖြူမြင့်(ဘ)ဦးမြင့်အေး ၁၂/မဂဒ(နိုင်)၁၄၅၁၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 866329)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၂၉၃၀၀၆၉

**ပျောက်ဆုံးကြောင်း**
ခိုင်စပယ်ဦး(ဘ)ဦးဝင်းဦး ၈/မကန(နိုင်)၃၂၀၈၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 986858)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၀၄၁၃၂

**ပျောက်ဆုံးကြောင်း**
ရွှေမြင့်(ခ)ရွှင်မြင့်(ဘ)ဦးတုန်ကြာရှိ ၁၃/နခန(နိုင်)၀၃၃၇၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၈၃၃၈၉၃၄

**ပျောက်ဆုံးကြောင်း**
ကျော်အေး(ဘ)ဦးသောင်းညွန့် ၇/ကတခ(နိုင်)၂၀၅၀၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 926403)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၀၉၃၉၉၃၈




**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်း၊ ကြို့ပင်ကောက်မြို့နေ မောင်ထက်မြတ်အောင်(ဘ)ဦးသန်းစိုး ၇/ကပက(နိုင်)၁၂၂၀၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၁၃၇၆၂၁၃

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့နေ ဟိန်းမင်းသူ(ဘ)ဦးခင်ဝင်း ၁၂/တကန(နိုင်)၁၇၄၃၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ခင်မောင်ထွေး(ဘ)ဦးလှထွန်း ၈/ကမန(နိုင်)၀၇၄၄၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 864856)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အောင်ကျော်ထွဋ်(ဘ)ဦးနန်းခင် ၁၂/မရက(နိုင်)၀၄၁၁၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(561147)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၂၈၅၃၄၉၈

**ပျောက်ဆုံးကြောင်း**
ညီဝင်းထွေး(ဘ)ဦးကျော်ဝင်း ၁၂/သကတ(နိုင်)၂၀၂၁၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၉၇၅၅၉၁၂

**ပျောက်ဆုံးကြောင်း**
နန်းနွယ်နွယ်ထွန်း(ဘ)ဦးဂျင်ဘို ၂/လကန(နိုင်)၀၈၁၁၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 574226)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၀၀၆၀၀၁

**တစ်ဦးတည်းဖြစ်ပါကြောင်း**
မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမဒေါ်စောမူ၏ဖခင် ဦးစိန်သုံ(ခ)ဦးစိန်သုန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးစိန်သုံ(ခ)ဦးစိန်သုန်

**ပျောက်ဆုံးကြောင်း**
စောအယ်မူးဝေး(ဘ)ဦးသန်းဇော်ဦး ၁၂/ကမန(နိုင်)၁၄၈၁၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၀၃၀၈၄

**ပျောက်ဆုံးကြောင်း**
မောင်မောင်ထွေး(ခ)ရာဂျာ(ဘ)ဦးစီသာစီဝမ်း ၁၂/ဥကမ(ဧည့်)၀၀၀၂၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၃၁၄၇၂

**ပျောက်ဆုံးကြောင်း**
လန်ခန့်ကျင်(ဘ)ဦးအေဗမ်ဒိုကျင့် ၃/သတန(နိုင်)၀၃၄၃၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၀၃၀၈၄

**ပျောက်ဆုံးကြောင်း**
သင်းနုအောင်(ဘ)ဦးခင်အောင် ၁၂/ဗဟန(နိုင်)၀၁၆၈၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၁၁၆၂၆

**ပျောက်ဆုံးကြောင်း**
အောင်ချစ်ဦး(ဘ)ဦးစိန်သန်း ၁၂/ခရန(နိုင်)၁၆၈၈၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၁၀၃၀၈၆၇

**ပျောက်ဆုံးကြောင်း**
မီလျံ(ဘ)ဦးနူးဆောမ် ၁/မကန(နိုင်)၁၄၈၆၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၄၄၈၉၁၁

**ပျောက်ဆုံးကြောင်း**
ကျော်လွင်ဦး(ဘ)ဦးလာလ်ဂျမ်း ၁၂/မဂတ(ပြု)၀၀၀၃၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၆၇၆၄၄

**ပျောက်ဆုံးကြောင်း**
ဖြူဖြူနှင်း(ဘ)ဦးခင်ညွန့် ၁၂/ဒဂဆ(နိုင်)၀၀၄၉၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၅၃၇၅၈၃

**ပျောက်ဆုံးကြောင်း**
အောင်မျိုးနိုင်(ဘ)ဦးအေးဟန် ၇/မလန(နိုင်)၁၀၉၃၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၂၃၆၂၁၀၂

**ပျောက်ဆုံးကြောင်း**
လှိုင်မင်းထက်ကောင်း(ဘ)ဦးစောသန်းလှိုင် ၁၂/ဗတထ(နိုင်)၀၃၆၄၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၄၉၁၇၂၄၈

**ပျောက်ဆုံးကြောင်း**
ခင်စုစုဝင်း(ဘ)ဦးအောင်ဝင်း ၁၂/ဗတထ(နိုင်)၀၂၆၈၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၉၉၄၁၀၀၃

**ပျောက်ဆုံးကြောင်း**
ဒေါ်နန်းလှရွှေ(ဘ)ဦးရွှေဘို ၃/ဘအန(နိုင်)၀၈၂၀၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**စာပေမြင့်မှ လူမျိုးတင့်မည်**

**ပျောက်ဆုံးကြောင်း**
အောင်ထိုက်(ဘ)ဦးအေးသောင်း ၁၂/ခရန(နိုင်)၁၄၄၇၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၄၄၃၆၂၃၉

**ပျောက်ဆုံးကြောင်း**
မလိုမိန့်(ဘ)ဦးအလေးယူ ၁၃/နခန(နိုင်)၀၉၉၁၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မောင်မျိုး(ဘ)ဦးသန်းဝေ ၉/ဝတန(နိုင်)၁၈၆၅၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# စပါးအသင်းက တိုက်စစ်ပိုင်းအတွက် ပဲလေ့စ်အသင်းတိုက်စစ်ကစားသမား အက်ဇေးကိုခေါ်ယူရန် စတင်ကြိုးပမ်း

လန်ဒန် ဩဂုတ် ၁၃

စပါးအသင်းသည် အသင်းတိုက်စစ်ပိုင်းဖြည့်တင်းရန်အတွက် ပဲလေ့စ်အသင်းတိုက်စစ်ကစားသမား အက်ဇေးကို ခေါ်ယူနိုင်ရန် စတင်ကြိုးပမ်းနေကြောင်း သိရသည်။

စပါးအသင်းအနေဖြင့် အသင်းခေါင်းဆောင်တိုက်စစ်မှူး ဆွန်ယောင်မင် မေဂျာလိဂ်အသင်းသို့ ပြောင်းရွှေ့ခဲ့သည့်အပြင် အဓိကကစားသမားမက်ဒီဆင်ကလည်း ဒူးအရွတ်ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ဖြစ်သောကြောင့် ကစားသမားအင်အားဖြည့်တင်းမှုအနေဖြင့် အက်ဇေးကို ခေါ်ယူရန် စတင်ကြိုးပမ်းခြင်းဖြစ်သည်။

သို့သော် တိုက်စစ်ကစားသမား အက်ဇေးသည် စပါးအသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေသော်လည်း ပဲလေ့စ်အသင်းနှင့်ချုပ်ဆိုထားသော စာချုပ်ပါ သတ်မှတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခွင့်သည် သက်တမ်းကုန်ဆုံးသွားပြီဖြစ်သောကြောင့် အက်ဇေး၏အပြောင်းအရွှေ့အတွက် ပဲလေ့စ်အသင်းက အဓိကကျနေသောကြောင့် စပါးအသင်းအနေဖြင့် ခက်ခဲသည့် ညှိနှိုင်းမှုများ ပြုလုပ်ရဖွယ်ရှိသည်။

ထို့ပြင် စပါးအသင်းနှင့် ပြိုင်ဆိုင်မှုပြင်းထန်နေသည့် လန်ဒန်မြို့ခံကလပ် အာဆင်နယ်အသင်းကလည်း လက်ရှိတွင် ဂိုကာရက်စ်၊ မော့စ်ကွီရာ၊ မာဒူကီ၊ နော်ဂတ်၊ ဇူဘီမန်ဒီနှင့် ကီပါ စသည့် ကစားသမားသစ်များကို ခေါ်ယူထားနိုင်ခဲ့သော်လည်း အက်ဇေးကို ထပ်မံခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

အာဆင်နယ်အသင်းအနေဖြင့် လက်ရှိအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာဖွယ်ရှိသည့် ထရော့ဆက်၏နေရာအတွက် ကစားသမားဖြည့်တင်းမှု ထပ်မံပြုလုပ်ရမည်ဖြစ်သောကြောင့် အက်ဇေးကို ခေါ်ယူရန် စပါးအသင်းနှင့်အပြိုင် ကြိုးပမ်းနေခြင်းဖြစ်သည်။

အသက် ၂၇ နှစ်အရွယ် အက်ဇေးသည် ၂၀၂၀ ပြည့်နှစ်က ကျူပီအာအသင်းမှ ပေါင် ၁၉ ဒသမ ၅ သန်းဖြင့် ပဲလေ့စ်အသင်းထံ ရောက်ရှိလာခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက အက်ဖ်အေဖလားဗိုလ်လုပွဲတွင် မန်စီးတီးအသင်းဘက်သို့ ဂိုးသွင်းယူပေးခဲ့သူဖြစ်ပြီး ပဲလေ့စ်အသင်းအတွက် ပြိုင်ပွဲစုံ ၁၄ ဂိုး သွင်းယူထားသည်။

ထို့ပြင် ၎င်းသည် ၂၀၂၃ ခုနှစ်က အင်္ဂလန်အသင်းအတွက် ပွဲထွက်ကစားခွင့်စတင်ရရှိခဲ့ပြီး နိုင်ငံတကာပွဲပေါင်း ၁၁ ပွဲ ကစားထားကာ ပြီးခဲ့သည့် ယူရို ၂၀၂၄ ပြိုင်ပွဲတွင်လည်း သုံးပွဲပါဝင်ကစားထားသည်။

လက်ရှိတွင် စပါးအသင်းသည် တိုက်စစ်ပိုင်းကို ဖြည့်တင်းမှုပြုလုပ်ရန်အတွက် အစောပိုင်းကတည်းက စိတ်ဝင်စားခဲ့သည့် အက်ဇေးကို ခေါ်ယူရန် ပြန်လည်ကြိုးပမ်းလာခဲ့ခြင်းဖြစ်သည့်အပြင် မန်စီးတီးအသင်းတောင်ပံကစားသမား ဆာဗင်ဟိုကိုပါ ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

*Ref; Fotmob*

# မန်ယူအသင်းနှင့်ယှဉ်ပြိုင်ကစားမည့် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်တွင် ကြီးကြပ်မည့်ဒိုင်လူကြီးကို အာဆင်နယ်အသင်းပရိသတ်များဝေဖန်

လန်ဒန် ဩဂုတ် ၁၃

အာဆင်နယ်အသင်းပရိသတ်များသည် မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်တွင် ကြီးကြပ်မည့် ဒိုင်လူကြီးကို ဝေဖန်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းနှင့်မန်ယူအသင်းတို့၏ ပရီးမီးယားလိဂ်ပွဲစဉ်(၁)အဖွင့်ပွဲစဉ်ကို ဩဂုတ်လ ၁၇ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အဆိုပါပွဲစဉ်အတွက် ဒိုင်လူကြီးစာရင်းအား ကြေညာခဲ့ပြီးနောက် အာဆင်နယ်အသင်းပရိသတ်များက ဝေဖန်ကြခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်ကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဆိုင်မွန်ဟိုးပါက တာဝန်ယူကိုင်တွယ်မည်ဖြစ်ပြီး စတုတ္ထဒိုင်လူကြီးအဖြစ် ဂျာရတ်ဂေးလက်ကို ခန့်အပ်ခဲ့သော်လည်း VAR ဒိုင်လူကြီးအဖြစ် ပေါလ်တီယာနေးကို ခန့်အပ်ခဲ့သည်။

ပေါလ်တီယာနေးသည် အာဆင်နယ်အသင်း၏ ယခင်ပွဲစဉ်များတွင် အငြင်းပွားဖွယ်ရာဆုံးဖြတ်ချက်များ ချမှတ်ခဲ့ဖူးပြီး ၎င်းသည် ၂၀၂၃ ခုနှစ်က မန်ယူအသင်းကို ၃ ဂိုး-၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် မာတင်နယ်လီ၏ဂိုးကို ခွင့်မပြုခဲ့ဘဲ အာဆင်နယ်အသင်း၏ ချန်ပီယံမျှော်လင့်ချက်လည်း အဆုံးသတ်ခဲ့ရသောကြောင့် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသူဖြစ်သည်။

ထို့ပြင် အာဆင်နယ်အသင်းနည်းပြ အာတီတာကလည်း ၂၀၂၂ ခုနှစ်က စပါးအသင်းကို သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်သည့်ပွဲစဉ်အပြီးတွင် ပေါလ်တီယာနေး၏ ဆုံးဖြတ်ချက်များကို ဝေဖန်မှုများပြုလုပ်ခဲ့ဖူးကြောင်း သိရသည်။

*Ref; Goal.com*




# မာယော့ကာအသင်းနှင့်ယှဉ်ပြိုင်ကစားမည့် စပိန်လာလီဂါအဖွင့်ပွဲစဉ်ကို ဘာစီလိုနာအသင်း တိုက်စစ်ကစားသမားရက်ရှ်ဖို့ဒ် လွဲချော်ဖွယ်ရှိ



မက်ဒရစ် ဩဂုတ် ၁၃

မာယော့ကာအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် စပိန်လာလီဂါအဖွင့်ပွဲစဉ်တွင် ဘာစီလိုနာအသင်း တိုက်စစ်ကစားသမား ရက်ရှ်ဖို့ဒ် လွဲချော်ဖွယ်ရှိကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် ဩဂုတ်လ ၁၇ ရက်တွင် စပိန်လာလီဂါပွဲစဉ်(၁)အဖြစ် မာယော့ကာအသင်း၏အိမ်ကွင်း၌ သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကာ အသင်းဥက္ကဋ္ဌ လာပေါ်တာက မိမိတို့အသင်းအနေဖြင့် ကစားသမားသစ်တချို့ကို ယခုဘောလုံးရာသီမစတင်မီ မှတ်ပုံတင်ခွင့်ရရှိရန် အချိန်မီလုပ်ဆောင်နိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သောကြောင့် မာယော့ကာအသင်းနှင့် ပွဲစဉ်၌ တိုက်စစ်ကစားသမားရက်ရှ်ဖို့ဒ် လွဲချော်ဖွယ်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

အင်္ဂလန်အသင်းတိုက်စစ်ကစားသမား ရက်ရှ်ဖို့ဒ်သည် လက်ရှိအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှ ဘာစီလိုနာအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့လာသူဖြစ်ပြီး ပေါင်သန်း ၃၀ ခန့်ဖြင့် အပြီးသတ်ခေါ်ယူနိုင်မည့်အချက်လည်း ပါဝင်ခဲ့သည်။

ဘာစီလိုနာအသင်းဥက္ကဋ္ဌ လာပေါ်တာက အသင်းရှိ ဂိုးသမားသစ် ဂါစီယာကို မှတ်ပုံတင်နိုင်ပြီဖြစ်ကြောင်း အတည်ပြုခဲ့သော်လည်း ကစားသမားသစ်များဖြစ်ကြသည့် ရက်ရှ်ဖို့ဒ်၊ ရွှန်နီဘတ်ဂျီနှင့် ဂိုးသမား ရှက်ဇနီတို့ကဲ့သို့ ကစားသမားတချို့ကို မှတ်ပုံတင်နိုင်ရန် ခက်ခဲနေခြင်းဖြစ်သည်။

အသင်းဥက္ကဋ္ဌ လာပေါ်တာက "ကစားသမားတွေ မှတ်ပုံတင်နိုင်ဖို့ ကျွန်တော်တို့ ကြိုးစားနေပါတယ်။ ဂိုးသမား ဂါစီယာကို မှတ်ပုံတင်ဖို့ အခွင့်အရေးရခဲ့ပြီးပါပြီ။ ကျန်တဲ့ကစားသမားတွေအတွက်လည်း ဆက်လက်လုပ်ဆောင်နေပါတယ်။ လာလီဂါပြိုင်ပွဲမစတင်မီ ကျန်တဲ့ကစားသမားသစ်တွေကို မှတ်ပုံတင်နိုင်မလားဆိုတာ ကျွန်တော်တို့စောင့်ကြည့်ရမှာပါ"ဟု ပြောသည်။

ထို့ပြင် တိုက်စစ်ကစားသမား ရက်ရှ်ဖို့ဒ်သည် ပြီးခဲ့သည့်ရက်ပိုင်းက ယှဉ်ပြိုင်ကစားသည့် ကိုမိုအသင်းနှင့် ဘာစီလိုနာအသင်း၏ ယခုဘောလုံးရာသီ နောက်ဆုံးခြေစမ်းပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

*Ref; Fabrizio Romano*

# လီဗာပူးအသင်းနည်းပြဟောင်း ကလော့ကို ဝေဖန်သည့် ဗီဒီယိုဖိုင်ကြောင့် ပရီးမီးယားလိဂ် ဒိုင်လူကြီး ဒေးဗစ်ကိုးတီ ထပ်မံအရေးယူခြင်းခံရ

လန်ဒန် ဩဂုတ် ၁၃

လီဗာပူးအသင်းနည်းပြဟောင်း ကလော့ကို ဝေဖန်သည့်ဗီဒီယိုဖိုင်ကြောင့် ပရီးမီးယားလိဂ်ဒိုင်လူကြီး ဒေးဗစ်ကိုးတီသည် အက်ဖ်အေ၏ ထပ်မံအရေးယူခြင်းကို ခံခဲ့ရကြောင်း သိရသည်။

ဒိုင်လူကြီး ဒေးဗစ်ကိုးတီသည် လီဗာပူးအသင်းနည်းပြဟောင်း ကလော့ကို ဝေဖန်သည့် ဗီဒီယိုဖိုင်ပါ မှတ်ချက်စကားများကြောင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက ပရီးမီးယားလိဂ်၏ ထုတ်ပယ်ခြင်းကို ခံခဲ့ရပြီး ယခုအခါ အက်ဖ်အေ၏ ရစ်ပတ်ကြာပွဲပယ်ခံရမှုဖြင့် ထပ်မံအရေးယူခံခဲ့ရခြင်းဖြစ်သည်။

အဆိုပါဗီဒီယိုမှာ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လက ရိုက်ကူးထားခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် လူမှုကွန်ရက်၌ ပျံ့နှံ့လာခြင်းဖြစ်ကာ အထက်ပါအဖြစ်အပျက်ကို စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက် တစ်လအကြာတွင် ဒေးဗစ်ကိုးတီသည် ပရီးမီးယားလိဂ်နှင့် ဒိုင်အဖွဲ့ချုပ်တို့၏ ထုတ်ပယ်ခြင်းခံခဲ့ရသည်။

ဒေးဗစ်ကိုးတီအနေဖြင့် ယင်းအဖြစ်အပျက်အတွက် ရစ်ပတ်ကြာ ပွဲပယ်ခံရမှုအပြင် ပညာပေးအစီအစဉ်တွင်လည်း ပါဝင်ရမည်ဖြစ်ကြောင်း သိရသည်။

*Ref; Fotmob*

■ **အမျိုးသမီးချန်ပီယံရှစ်မှ**

မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းကို ဖိအားပေးကစားနိုင်ခဲ့ရာ ပွဲချိန် ၃၂ မိနစ်အရောက်တွင် ဝင်းသီဂီထွန်း၏ပယ်နယ်တီမှတစ်ဆင့် ဦးဆောင်ဂိုးရရှိခဲ့ပြီး ဖိလစ်ပိုင်အသင်းသည် ချေပဂိုးရရှိရေးအတွက် အသည်းအသန်ကြိုးစားသော်လည်း မြန်မာနောက်တန်းခံစစ်များကြောင့် ပထမပိုင်းပွဲကစားချိန် အဆုံးသတ်သွားသည်။

ဒုတိယပိုင်းပြန်စချိန်တွင် ဖိလစ်ပိုင်အသင်း တိုက်စစ်မြှင့်ကစားလာခဲ့သည်။ ပွဲချိန် ၇၁ မိနစ်တွင် ဝင်းသီဂီထွန်းသည် ဖိလစ်ပိုင်ဂိုးနှင့်အနီးဆုံးရောက်ခဲ့သော်လည်း တွဲကစားမည့် ကစားဖော်များလိုက်ပါလာခြင်းမရှိသည့်အတွက် ဂိုးတစ်ဂိုးဆုံးရှုံးနစ်နာခဲ့ရသည်။ ပွဲချိန် ၇၂ မိနစ်တွင် မြန်မာအသင်း၏ ဟန့်တားမှုများကြားကပင် ဖိလစ်ပိုင်အသင်း ချေပဂိုးသွင်းယူသွားခဲ့သည်။ လက်ကျန်အချိန်များကို တစ်ဖက်တစ်ဂိုးစီဖြင့် ယှဉ်ပြိုင်ကစားလာခဲ့ပြီး အနိုင်ဂိုးရရှိရေး နှစ်ဖက်အသင်းကစားသမားများယှဉ်ပြိုင်ခဲ့ကြသော်လည်း လိုရာမရောက်ခဲ့ပေ။ ပွဲချိန် ၇၄ မိနစ်တွင် ရှုပါခိုင်နှင့်လူစားလဲဝင်ရောက်လာသည့် ယွန်းဝတီလှိုင် ဖိလစ်ပိုင် ဂိုးသမားနှင့်ထိပ်တိုက်တွေ့ဆုံပြီး ဂိုးသွင်းခွင့်ရခဲ့သော်လည်း ဂိုးပေါက်မတည့်၍ မြန်မာအသင်းအတွက်နစ်နာခဲ့ရသည်။

ပွဲချိန်ပြီးခါနီးလေ နှစ်ဖက်ကစားသမားများ ဆန္ဒစော၍ အမှားများလာလေဖြစ်လာကြသည်။ မြန်မာအသင်းသည် လက်ကျန်အချိန်များကို အကောင်းဆုံးခံစစ်ဖြင့် ယှဉ်ပြိုင်ကစားပြီး တစ်ချက်တစ်ချက်မှသာ ကောင်တာဖောက်၍ ပြိုင်ဘက်အသင်းဘက်ကို ထိုးဖောက်ကစားခဲ့သည်။ သို့သော် မိနစ် ၉၀ ပွဲပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးဖြင့်သာ အဆုံးသတ်ခဲ့သည်။ မြန်မာအသင်းသည် သုံးပွဲကစားပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ်(၇)မှတ် အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်ကိုတက်ရောက်သွားပြီဖြစ်သည်။ ဖိလစ်ပိုင်အသင်းမှာမူ အုပ်စုမှ ထွက်ခွာသွားခဲ့ရသည်။ မြန်မာအသင်းအနေဖြင့် ဆီမီးဖိုင်နယ်ပွဲစဉ်ကို ဩဂုတ်လ ၁၆ ရက်တွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

➤ **ကျောဖုံးမှအဆက်**

တရားမဝင် မီးသွေး (၃၈ ဒသမ ၇၀၀)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၁၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၉ ရက်**တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် သစ်မာ (သုည ဒသမ ၃၈၃)တန်၊ အခြားသစ် (၉ ဒသမ ၇၁၄)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၃၀၂၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၁၀ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၁)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၅၅၅၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Dong Feng Tractor Head (၁)စီး၊ Nissan Diesel Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၂)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့နယ်၊ အုန်းတပင်ကျေးရွာအနီး၌ မော်တော်ယာဉ်(၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၉)မျိုး၊ လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၂)စီး၊ Nissan Condor Truck (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ထီးပိုးကလို့ကျေးရွာအနီး၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၂၃၅၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး၊ Isuzu Giga Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၁၁၅၁၈၇၈၅၆၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




အေးရှားဝေါလ် ဆိပ်ကမ်း၌ ဖမ်းဆီး ရမိမှု။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဩဂုတ်လ ၁၁ ရက်**တွင် မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၂၂၂၈၀၀၄)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် BEIBEN 2538 SZ Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **ဩဂုတ်လ ၁၂ ရက်**တွင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၁၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၇၃၂၈၀၄)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဩဂုတ်လ ၁၁ ရက်နှင့် ၁၂ ရက်**တို့တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း (၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၇၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Foton Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး၊ Hino Ranger Truck (၁)စီး၊ Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် မီးသွေး (၃၆ ဒသမ ၄၈၀)တန်၊ ကျွန်းသစ် (၄ ဒသမ ၆၀၈)တန်၊ အခြားသစ်(၃ ဒသမ ၀၃၃)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၉၂၃၁)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၇၆၉၂၃၁)**ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **ဩဂုတ်လ ၁၂ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၅)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၅၈၁၆၆၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၁၂ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၅)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃၆)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်၊ ၁၁ ရက်နှင့်၁၂ရက်တို့တွင်ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၄၅)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၀၄၇၆၂၈၀)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့်သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိအသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**မြဝတီ**

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



တရားခံ အောင်ပြည့်ဖြိုးကျော် (ခ) အောင်အောင်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။



တရားခံ ကျော်သီဟ (ခ) စိန်ကြီးနှင့်မတင်တင်ဝင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၁၁ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ မော်ဘီမြို့နယ်၊ ကြက်ဖြူကန်ကျေးရွာ၊ ကြက်ဖြူကန်ကားမှတ်တိုင်အနီးတွင် အောင်ပြည့်ဖြိုးကျော်(ခ)အောင်အောင်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၄၀) ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် သတင်းအရ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အထက်ရေပုန်းရပ်၊ စပါးရွှေဝါလမ်းမပေါ်တွင် ထက်လှိုင်မြင့်(ခ)ကိုထက်မောင်းနှင်လာသောဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၅၀ (တစ်ပြားလျှင်ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၉၈ ဒသမ ၅ သိန်း) ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၁၂ ရက် ညနေ ၆ နာရီခွဲတွင် သတင်းအရ ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အုန်းတောလမ်းရှိ မတင်တင်ဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၅၅ သိန်း) ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ပေါ်ပေါက်ချက်အရ ည ၇ နာရီခွဲတွင် ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ကမ်းနားလမ်းတွင် စိတ်ကြွရူးသွပ်ဆေးပြားများအား ရောင်းချရန် ဝယ်ယူထားရှိသူ ကျော်သီဟ(ခ)စိန်ကြီးအား ထပ်မံဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**မြဝတီ**

## ပြည်ထောင်စုနယ်မြေ ၊ နေပြည်တော်အတွင်း အကောင်အထည်ဖော်ခဲ့သည့် စိန်တစ်လုံးသရက်စိုက်ပျိုးရေးဇုန်နှင့်စပ်လျဉ်း၍ ကြော်ငြာချက်

၁။ ၂၀၁၀ ခုနှစ်ကစတင်၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ဒက္ခိဏသီရိ၊ ဥတ္တရသီရိ၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်တို့တွင် စိန်တစ်လုံးသရက်စိုက်ပျိုးရေးဇုန်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ရာသီချိန်အမီ စိုက်ပျိုးလုပ်ကိုင်နိုင်ရန်အတွက် တရားဝင်စိုက်ပျိုးအသုံးပြုခွင့် မရရှိသေးသော်လည်း ကြိုတင်ခွင့်ပြုချက်ရယူ၍ သရက်စိုက်ပျိုးလုပ်ကိုင်ထားသူများအနေဖြင့် မိမိရယူအသုံးပြုလျက်ရှိသောလုပ်ကွက်ကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိစေရန် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိမှသာ တရားဝင်လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၂။ ထို့အပြင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်စိန်တစ်လုံးသရက်စိုက်ပျိုးရေးဇုန် အတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၊ ဗဟိုကော်မတီနှင့် ပြည်ထောင်စုနယ်မြေစီမံခန့်ခွဲရေးကော်မတီတို့၏ တရားဝင်ခွင့်ပြုမိန့်ရရှိထားသူများ သည်လည်း ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ထားမှုမရှိသေးသည့်ဧရိယာများရှိနေပါက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂(က)(၃)နှင့်အညီ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်း ခြင်းခံရမည်ဖြစ်ပါသည်။

၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၁၆ ၊ ပုဒ်မခွဲ(ဂ)တွင် **"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူသည် ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ အငှားချထားခြင်း၊ အခြားနည်းဖြင့်လွှဲပြောင်းခြင်း သို့မဟုတ် ခွဲစိတ်ခြင်းမပြုရ"**ဟုလည်းကောင်း၊ ပုဒ်မ ၂၉-က၊ ပုဒ်မခွဲ(က)တွင် **"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူ မည်သူမဆို ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေချမှတ်ရမည်"**ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိရာ၊ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူများအနေဖြင့် အဆိုပါအချက်ကိုလည်း အထူးအလေးထားလိုက်နာ ကြရမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ဒက္ခိဏသီရိ၊ ဥတ္တရသီရိ၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်တို့အတွင်းရှိ စိန်တစ်လုံးသရက်စိုက်ပျိုးရေးဇုန်များတွင် မြေရယူစိုက်ပျိုးလုပ်ကိုင်ထားကြသည့် ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိစေရေး ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားဆောင်ရွက် ကြရန် အသိပေးကြေညာအပ်ပါသည်။

၅။ စိန်တစ်လုံးသရက်စိုက်ပျိုးရေးဇုန်အတွင်း ဥပဒေနှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားခြင်း ရှိမရှိသိရှိလိုလျှင်လည်းကောင်း၊ မရှင်း လင်းသည့်ကိစ္စရပ်များရှိလျှင်လည်းကောင်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ ဖုန်းနံပါတ် ၀၆၇-၃၄၀၈၇၄၉ သို့ဖြစ်စေ၊ နေပြည်တော်မြေစာရင်းဦးစီးဌာန၊ ဖုန်းနံပါတ် ၀၆၇-၄၅၅၀၁၈၀ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

---

### ပျောက်ဆုံးကြောင်း
မောင်သုတလင်းထွန်း(ဘ)ဦးဝင်းချိုထွန်း မွေးစာရင်းအရ ၂-၉-၂၀၁၇ ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကျောင်းတော်ရာ အ.ထ.က(ခွဲ) Grade-8 သင်ဆဲမှ ကျောင်းဝင်အမှတ် ၀၀၄၂ မနှင်းပွင့်ဖြိုး၏ဖခင် ဦးမှတ်ကြီး၏အမည်မှန်မှာ ဦးကျော်ကျော်ထွန်း ၈/တတက(နိုင်)၂၂၆၈၈ ဖြစ်ပါကြောင်း။
ဦးကျော်ကျော်ထွန်း

### ပျောက်ဆုံးကြောင်း
ဒေါ်ရွှေရွှေ(ဘ)ဦးကံချွန် ၉/မနမ(နိုင်) ၀၇၄၃၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၈၀၆၁၂၃

### ပျောက်ဆုံးကြောင်း
ဦးစောကျော်လင်း(ဘ)ဦးမောင်ကလား ၉/ မနတ(နိုင်)၀၅၈၀၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
မေသူကျော်(ဘ)စိုးနိုင်ထွန်း ၈/ရစက(နိုင်) ၂၁၆၇၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MI 120305)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၆၁၀၂၂၁၃

### ပျောက်ဆုံးကြောင်း
မဟန်စိမ်းဆို(ဘ)ဦးဟန်လင်ချမ်း ၁၃/ ကခန(နိုင်)၁၁၀၂၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၁၁၀၅၅၅၅

### ပျောက်ဆုံးကြောင်း
မချစ်နှင်းဆီ(ဘ)ဦးမြသန်း ၈/မကန(နိုင်) ၂၁၈၉၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MG 000713)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၅၅၆၃၄၃၉

### ပျောက်ဆုံးကြောင်း
ဇာနည်ထွန်း(ဘ)ဦးမောင်လေး ၇/ဖမန(နိုင်) ၁၂၄၅၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဒေါ်ငွေ့ဆန်းကျိန်(ဘ)ဦးသွန်ဒိုးထန် ၅/ ကလထ(နိုင်)၁၅၉၅၃၁ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(MA 136728)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဝေမိုးထွန်း(ဘ)ဦးသူရ ၁၂/ဗဟန(နိုင်) ၁၁၀၈၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MJ 056997)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### "အောင်ဇမ္ဗူအေးကုမ္ပဏီလီမိတက် လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)၊ ပုဒ်မ(က)၊ ပုဒ်မခွဲငယ်(၂)အရ အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန်ကြေညာချက်"

၁။ အောင်ဇမ္ဗူအေးကုမ္ပဏီလီမိတက်ကို အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၃-၈-၂၀၂၅)နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင် (နိုင်ငံသားစိစစ်ရေးအမှတ်-၅/ရဥန(နိုင်)၀၅၅၂၈၇)အားခန့်ထားရန် ဆုံးဖြတ်ကြပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁၂-၉-၂၀၂၅)နေ့ နောက်ဆုံးထား၍ ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာ အပ်ပါသည်။

| | |
|---|---|
| **ဦးစောအောင်လွင်** | **ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)** |
| **(အုပ်ချုပ်မှုဒါရိုက်တာ)** | **အမှတ်(၃၁၃/၃၂၃)၊ အခန်း-၈/စီ၊ (၇)လွှာ၊ SeaGreen** |
| **အောင်ဇမ္ဗူအေး** | **Tower ၊ မဟာဗန္ဓုလလမ်းနှင့်ဗိုလ်အောင်ကျော်** |
| **ကုမ္ပဏီလီမိတက်** | **လမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။** |

### SHWIN TUN MANUFACTURING COMPANY LIMITED.
### မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ(၁၄၇) အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၁၃)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင် များ၏အထူးအစည်းအဝေးတွင် မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဒေါ်အေးညိုမှ သဘာပတိအဖြစ် ဆောင်ရွက်ပြီး အောက်ဖော်ပြပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်။

၁။ ကုမ္ပဏီကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှယ်ယာ ရှင်များ၏ဆန္ဒအရ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၁၃)ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် သဘောတူ ဆုံးဖြတ်ကြပါသည်။

၂။ ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စအားဆောင်ရွက်နိုင်ရန်အတွက် ဦးရှင်ငြိမ်း (LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၄)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ Liquidator အဖြစ်ခန့်အပ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီမြီရှင်များ သည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို (၁)လအတွင်းနောက်ဆုံးထားကာ သက်သေပြ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြော်ငြာ အပ်ပါသည်။

| | |
|---|---|
| **U SHIN NYEIN** | **Daw Aye Nyo** |
| **ADVOCATE (SR. NO. 4644)** | **Managing Director** |
| **LIQUIDATOR** | **Shwin Tun Manufacturing** |
| **MAIP MEMBERSHIP NO.00173** | **Company Limited** |

### မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ-၁၄၇၊ ၁၅၂ အရ ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်ကြေညာခြင်း

DANA HTANN COMPANY LIMITED.(Reg No.113056258)အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန်(၁၂-၈-၂၀၂၅)နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အထွေထွေအစည်းအဝေး တွင် အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းအစည်းအဝေးမှာ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇင်ဝေ(CPA-210)(MAIP-00143)အား တရားဝင်ခန့်အပ်ရန် အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကုမ္ပဏီ၏ရရန်ရှိ၊ ပေးရန်ရှိများကို (၂၇-၈-၂၀၂၅)ရက်နေ့နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ထံ ခိုင်လုံသောအထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဇင်ဝေ(CPA-210)(MAIP-00143)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(09-252612600)**

### ပျောက်ဆုံးကြောင်း
ဦးမုန်မိုင်(ဘ)ဦးအင်ဖွမ်ရှိန်ဂရော်နော် ၁/ မကန(နိုင်)၁၈၂၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဟန်နီစန်း(ဘ)ဦးစန်းလွင် ၁၂/ဗဟန(နိုင်) ၁၀၅၃၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MJ 057020)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ထွန်းကိုကိုအောင်(ဘ)ဦးထွန်းမွေး ၁၂/ တတန(နိုင်)၂၂၃၉၅၀ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(MD 154040)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သက်နိုင်(ဘ)ဦးနီတုတ် ၇/ကဝန(နိုင်) ၂၁၁၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ ဇေယျာဝတီရပ်ကွက်နေ မောင်သူရအောင်(ဘ)ဦးကျော်အေး ၁၄/ပသန (နိုင်)၂၃၈၇၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MJ 257206)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၇၇၆၅၂၅၂၃

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ညောင်လေးပင် မြို့နယ်၊ အထက ပိန်းဇလုပ် Grade-11(A) မှ မမိုးမိုးအေး၊ ကျောင်းဝင်အမှတ်(၁၄၇/ ၂၄)၏ဖခင်အမည်မှန်မှာ ဦးဂိုရာနတ် ၇/ ကတခ(ပြု)၀၀၇၄၈၁ ဖြစ်ပါကြောင်း။
ဦးဂိုရာနတ်

### ပျောက်ဆုံးကြောင်း
လက်ပံတန်းမြို့၊ ကိုင်းတောစုရွာနေ ဇင်မာဝေ(ဘ)ဦးလှဝင်း ၇/လပတ(နိုင်) ၁၂၄၃၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ မွေလယ်ကျေးရွာနေ ရှင်းမြသန့်ဇင် (ဘ)ဦးထွန်းဝင်းဇော် ၈/ဂဂန(နိုင်) ၁၃၀၇၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ဖုန်း-၀၉-၄၂၄၃၄၄၂၉၀

### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်၊ အမှတ်-၅၁၊ ၁၁၂၃(က) ဘုရင့်နောင်လမ်းနေ မျိုးလင်းဇော်(ဘ)ဦးခင် စိုး ၁၂/ဒဂမ(နိုင်)၀၄၈၉၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၄၂၄၃၄၄၂၉၉

### ပျောက်ဆုံးကြောင်း
လသာမြို့နယ်၊ (၃)ရပ်ကွက်၊ စဉ့်အိုး တန်းလမ်း၊ (၅၆)နေ မောင်စိုးသိန်း(ဘ) ဦးစိန်ကြည် ၁၂/လသန(နိုင်)၀၀၆၁၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### အမည်မှန်
ဦးမျိုးအောင် ၁၀/သဖရ(နိုင်)၁၃၀၄၂၂ ၏သမီး သံဖြူဇရပ်မြို့နယ်၊ ကရုပ္ပိ (အထက) Grade-11(B) တွင် ပညာ သင်ကြားနေသော မိဗလွယ်ဇဂျင်၏ အမည်မှန်မှာ မပွင့်ပွင့်သွယ် ၁၀/ရမန (နိုင်)၂၈၂၅၉၁ ဖြစ်ပါကြောင်း။
မပွင့်ပွင့်သွယ်

### ပျောက်ဆုံးကြောင်း
ကျောက်တန်းမြို့နေ သိမ့်သူသူဝင်း (ဘ)ဦးတင့်တင့် ၁၂/ကတန(နိုင်) ၁၁၀၁၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MH 595199)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
လားရှိုးမြို့နယ်၊ လားရှိုးကြီးရပ်ကွက်၊ နယ်မြေ(၅)နေ လီဝေကြန်(ခ)ကျော်ဝင်း(ဘ) ဦးလီဖေချန် ၁၃/လရန(ဧည့်)၀၀၀၂၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MI 216338)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၂၆၀၂၅၉

### ပျောက်ဆုံးကြောင်း
လားရှိုးမြို့နယ်၊ လားရှိုးကြီးရပ်ကွက်၊ နယ်မြေ(၅)နေ နန်းခမ်းလူ(ဘ) ကျောက်ကြူ ၁၃/လရန(နိုင်)၀၉၁၆၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MI 294221)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ဖုန်း-၀၉-၅၂၆၀၂၅၉

### တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်
နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ကျားသေအိုင်ကျေးရွာနေ အဘ ဦးမောင် မောင်ကြင်၏သား ဦးဇော်စိန်ဝင်း(ခ)ဦးကျော် ရှိန်းလတ် ၇/ကကန(နိုင်)၀၄၈၆၂၄ မှာ တစ်ဦးတည်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၄-၄-၁၉၈၃)ဖြစ်ပါကြောင်း။
ဦးဇော်စိန်ဝင်း(ခ)ဦးကျော်ရှိန်းလတ်

### ပျောက်ဆုံးကြောင်း
ကော့ကရိတ်မြို့၊ အမှတ်(၇)ရပ်ကွက် နေ နန်းနန္ဒာနွယ်(ဘ)ဦးခွန်ငွေသောင်း ၃/ကကရ(နိုင်)၀၉၁၁၄၃ ကိုင်ဆောင် သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 790807)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၂၄၉၀၂

### ပျောက်ဆုံးကြောင်း
အိအိခိုင်(ဘ)ဦးကြည်လွင် ၇/ကဝန(နိုင်)၁၄၄၅၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 159145)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
စအောင်သက်ပိုင်(ဘ)ဦးမန်းအောင်မင်း ၁၄/ကပန(နိုင်)၂၈၁၅၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ထက်ထက်အောင်(ဘ)ဦးစန်းမြင့် ၁၂/ဥကမ(နိုင်)၁၇၂၇၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563


ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်
INNWA BANK LIMITED
INNWA BANK
စာရင်းရှင်အပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
အချိန်ပိုင်းအပ်ငွေစာရင်း
ဘဏ်အာမခံလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
ငွေစုဘဏ်အပ်ငွေစာရင်း
ချေးငွေများထုတ်ချေးခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၅)ခု
နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
( MONEY CHANGE COUNTER )
(၁၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ
ကိစ္စရပ်များအား လွယ်ကူလျင်မြန်စွာ
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁

❖ လူမှုယဉ်ကျေးမှုအပိုင်းတွင်လည်း ဗဟုဝင်ရိုးခေတ်ကြီးတွင် ပါဝါအရွေ့များဖြစ်ပေါ်ပြောင်းလဲမှုမြန်ဆန်လာသည့်အတွက် ပြည်တွင်းတည်ငြိမ်ရေးသည် အဓိကနေရာရောက်လာ...

❖ သတင်းတု၊ သတင်းမှားများတိုက်ဖျက်ရန်လိုပြီး မီဒီယာအတတ်ပညာတိုးတက်အောင်ဆောင်ရွက်ရန်နှင့် နိုင်ငံခြားသြဇာအရှိန်သက်ရောက်အောင် ကြိုးစားနေမှုများအပေါ်ကိုလည်း တန်ပြန်ဆောင်ရွက်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း ဖိလစ်ပိုင်အသင်းကို သရေကစားပြီး အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်တက်ရောက်

ရန်ကုန် ဩဂုတ် ၁၃

ဗီယက်နမ်နိုင်ငံတွင်ကျင်းပနေသည့် ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ခ)၏ တတိယပွဲစဉ်ကို ယနေ့မြန်မာစံတော်ချိန် ည ၇ နာရီတွင် မြန်မာအသင်းနှင့် လက်ရှိချန်ပီယံ ဖိလစ်ပိုင်အသင်းတို့ယှဉ်ပြိုင်ခဲ့ရာ ပွဲပြီးဆုံးချိန်တွင် တစ်ဂိုး-တစ်ဂိုးရလဒ်ဖြင့် အဆုံးသတ်ခဲ့သော်လည်း မြန်မာအသင်းက နှစ်ပွဲနိုင် တစ်ပွဲသရေ ရမှတ်ခုနစ်မှတ်ဖြင့် အုပ်စုပထမရကာ ဆီမီးဖိုင်နယ်သို့တက်ရောက်သွားပြီဖြစ်သည်။ စာမျက်နှာ ၂၉ ကော်လံ ၁ ■




# လေဖိအားနည်းရပ်ဝန်း ၂၄ နာရီအတွင်း ပိုအားကောင်းလာနိုင်

နေပြည်တော် ဩဂုတ် ၁၃

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်နှင့် ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေ)တို့၌ဖြစ်ပေါ်နေသောလေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)




# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဩဂုတ် ၁၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၈ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောင်လံခရိုင်၊ အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့အတွင်း၌ စာမျက်နှာ ၂၉ ကော်လံ ၁ ➤

## နိုင်ငံတကာသတင်း

ဥရောပတစ်ဝန်းအပူလှိုင်းဖြစ်မှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် တောမီးလောင်မှုမြင့်တက်၊ နေအိမ်နှင့်စက်ရုံများစွာမီးလောင်ကျွမ်း စာ - ၂၃ သို့

............................

အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုများက လူသားမျိုးနွယ်စုအပေါ် ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ဟုဆို စာ - ၂၃ သို့

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED




Card Services
- Individual Debit Card/ Credit Card
- Corporate Debit Card
- Automated Teller Machine Services
- Point of Sales Services
- Online Payment/ Tax Payment Via E-commerce

MPU UnionPay

Phone No :
(01) 2301367, 2301368,
(01) 2301452, 2301378